# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ သောကြာနေ့။ Friday, 26 July 2024 ၁၁၅၃၀


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻


ယနေ့ ဖတ်စရာ

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၄

မန္တလာတက္ကသိုလ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ စာမျက်နှာ » ၆

ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရ ဆောင်းပါး စာမျက်နှာ » ၉

ကြေးမုံ

# နိုင်ငံအနာဂတ်အတွက် ပညာရေးကိုမြှင့်တင်

“နိုင်ငံတော်၏ အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်နိုင်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ အသိပညာနှင့် အတတ်ပညာ ဟန်ချက်မျှတစွာ စွမ်းရည်မြင့်မားမှုမရှိပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီး၌ အားနည်းချက်များ ဖြစ်ပေါ်စေမည်ဖြစ်ပြီး တိုင်းပြည်စည်းလုံးညီညွတ်ရေးအပေါ်ကိုလည်း မလွဲမသွေ သက်ရောက်စေနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံအနာဂတ်ကောင်းမွန်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန်” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင် ၂၄ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို စတင်ယူသည့်အချိန်မှစ၍ ပညာရည်မြှင့်တင်ရေးအဖြစ် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးနှင့် KG+9 အထိ မဖြစ်မနေ ပညာသင်ကြားရေးကို မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် KG+9 တက်ရောက်အောင်မြင်သူများ အနေဖြင့်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိရန်အတွက် ခရိုင် ၈၄ ခုတွင် အထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါကျောင်းများတွင် တက်ရောက်ပညာသင်ကြားအောင်မြင်သူများကို လည်း မိမိတို့ရရှိထားသည့် သတ်မှတ်အရည်အချင်းပေါ်မူတည်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ကူးပြောင်းသင်ကြားနိုင်ရေးအတွက်လည်း ကြိုတင်စီမံ ဆောင်ရွက်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ဘက်စုံပညာရေးစနစ်အဖြစ် အကောင်အထည်ဖော်လျက်ရှိရာတွင် ပညာတတ်မြောက်ရေး၊ ထူးချွန်ထက်မြက်ရေးအပြင် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ ခိုင်ကျည်မြဲမြံအားကောင်းသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်လာအောင် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းတစ်ယောက်တွင် ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု စသည့် စိတ်နေစိတ်ထား အခြေခံကောင်းများ လေ့ကျင့်ပုံဖော်ပေးသည့် နယ်ပယ်ရပ်ဝန်းတစ်ခုဖြစ်သည်။ အခြေခံကောင်းများရရှိပြီး အဆင့်မြင့်ပညာများ တတ်ကျွမ်းသော အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများရရှိလာမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံ၏ ပညာရပ်ဝန်းအခင်းအကျင်းကို သုံးသပ်ကြည့်လျှင် အကြောင်းအမျိုးမျိုးကြောင့် ပညာတတ်သူများ နည်းပါးလျက်ရှိသည်။ ပညာတတ်သူများကို သုံးသပ်ကြည့်လျှင် နိုင်ငံနှင့် လူမျိုးအပေါ်တွင် မှန်ကန်စွာထားရှိရမည့် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားများ လိုအပ်လျက်ရှိသည်။ အသိပညာ၊ အတတ်ပညာနှင့် ကိုယ်ကျင့်တရားများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်နေသဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီး၌ အားနည်းချက်များ ဖြစ်ပေါ်စေပြီး တိုင်းပြည်နှင့် လူထုစည်းလုံးညီညွတ်မှုအပေါ်တွင် ထိခိုက်မှုများဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပညာအခြေခံအားနည်းသောကြောင့်လည်းကောင်း၊ ပညာတတ်သော်လည်း ပယောဂအမျိုးမျိုး လွှမ်းမိုးဖုံးအုပ်မှုကြောင့်လည်းကောင်း အတွေးအမြင်ခံယူချက် လွဲမှားမှု၊ အမှားအမှန်၊ အကောင်းအဆိုး မခွဲခြားနိုင်မှု၊ နိုင်ငံသားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်လာပြီး တိုင်းပြည်နှင့် လူမျိုး ပျက်စီးစေမည့်အမှုကိစ္စများစွာ ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ပညာသည် တိုင်းပြည်နှင့် လူမျိုး တိုးတက်ကြီးပွားကောင်းမွန်ရေးအတွက် အရေးအကြီးဆုံးအချက်ဖြစ်နေသည်ကို တွေ့ရသဖြင့် နိုင်ငံတော်အစိုးရက စိတ်ဓာတ်ကောင်းမွန်ပြီး ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များဖြစ်ထွန်းလာအောင် ပညာရေးကိုအခြေခံ၍ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးလျက်ရှိသည်။ ယခုအခါ ပညာပြည့်ဝနှလုံးလှသည့် လူမွန်၊ လူတော်၊ လူကောင်းလေးများ ဖြစ်ထွန်းလာသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့နေရသည်။ ကုန်လွန်ခဲ့သောကာလများက ပညာရေးကဏ္ဍ၌ အားနည်းချက်အမျိုးမျိုးရှိခဲ့သောကြောင့် လမ်းမှားရောက်သွားကြသော လူငယ်များကို တွေ့မြင်ရသဖြင့် တိုင်းပြည်အတွက်နှင့် ၎င်းတို့ဘဝအတွက် စိတ်မချမ်းမြေ့ဖွယ် များစွာဖြစ်ရသည်။ ယင်းကိုသင်ခန်းစာယူ၍ မိမိတို့မျိုးဆက်သစ်များဘဝ၊ နိုင်ငံတော်၏ အနာဂတ်ဘဝအတွက် ဝိုင်းဝန်းပြုပြင် မြေတောင်မြှောက်ပေးကြရမည်ဖြစ်သည်။

ပညာရေးနှင့် မျိုးဆက်သစ်လူငယ်များသည် နိုင်ငံအနာဂတ် အကောင်းအဆိုးအတွက် အဆုံးအဖြတ်ပေးမည့်သူများဖြစ်သည်။ သို့ဖြစ်ရာ အသိပညာ၊ အတတ်ပညာ တတ်မြောက်ကျွမ်းကျင်ပြီး အတွေးအခေါ် ခံယူချက် ထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ အေးချမ်းသာယာဝပြောသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်၍ အားလုံးဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံ ပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၃၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း-၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှစပြီး ရှမ်း ၊ “ဝ” ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆:၀၀ နာရီမှ ၈:၀၀ နာရီအထိ “ဝ” ဘာသာအစီအစဉ်၊ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၁၀:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် ၁၂:၀၀ နာရီမှ မွန်းလွဲ ၁၃:၀၀ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၄:၀၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁၅:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ချင်း(လိုင်ဇို) ဘာသာအစီအစဉ်၊ ညနေ ၁၆:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ညနေ ၁၇:၀၀ နာရီမှ ည ၁၉:၀၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၁၉:၀၀ နာရီမှ ၂၁:၀၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၂၁:၀၀ နာရီမှ ၂၃:၀၀ နာရီအထိ ရှမ်းဘာသာအစီအစဉ် တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၃၈၆ | ၃,၄၂၆,၈၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၁,၈၆၁ | ၆,၃၆၀,၄၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁ | ၈,၄၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၉၈၂ | ၁,၇၁၈,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂၁၃ | ၅၈၅,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂,၀၅၉ | ၃,၅၂၀,၃၅၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၂၁၅ | ၁,၀၁၀,၈၀၀ |
| MAEX | ၃,၅၅၀ | ၃,၅၀၀ | ၅၁ | ၁၇၈,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✻ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya နှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey တို့ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထိုသို့တွေ့ဆုံစဉ် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က ဘင်းမ်စတက်အဖွဲ့အစည်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ယင်းစိန်ခေါ်မှုများကို ပူးပေါင်းအဖြေရှာ၍ ဖြေရှင်းဆောင်ရွက်သွားရမည့်အခြေအနေများနှင့် ပတ်သက်၍ တစ်ဦးချင်းရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ဘင်းမ်စတက်အဖွဲ့အစည်း ပေါ်ပေါက်လာမှုအခြေအနေနှင့် ရည်ရွယ်ချက်များ၊ **စာမျက်နှာ ၄ သို့** ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

✻ စာမျက်နှာ ၃ မှ

ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ လူကုန်ကူးမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံတွင် ကျင်းပမည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှု အခြေအနေများနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**○ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအချင်းချင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ လူကုန်ကူးမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဇူလိုင် ၂၅

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး(4th BIMSTEC National Security Chiefs' Meeting)အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး၏ အစီအစဉ်များ သတ်မှတ်ခြင်း၊ အစီရင်ခံစာများအတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသတွင်းအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တန်ပြန်တိုက်ဖျက်ရေး မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် အတွင်းရေးမှူးချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၂၅

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စတာ ငုယင်ဖုကျောက် ကွယ်လွန်ခြင်းအတွက် သီရိမင်္ဂလာလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ် စာအုပ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Mr. Ly Quoc Tuan ၊ စစ်သံမှူး Mr. Dao Van Duy နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။






ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများအား သံရုံး ဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကွယ်လွန်ခဲ့ခြင်းအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်း သတင်းစကားအား နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

မစ္စတာ ငုယင်ဖုကျောက်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန် ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ SPIC Yunnan International Power Investment Corporation သို့ သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၂၄ ရက်က SPIC Yunnan International Power Investment Corporation သို့ သွားရောက်လေ့လာကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား SPIC ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဝူကျီးချွင်က ကြိုဆိုနှုတ်ဆက်ပြီး ၎င်းတို့ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မိတ်ဆက်ရှင်းလင်းသည်။

ထို့ပြင် မစ္စတာ ဝူကျီးချွင်နှင့် အဖွဲ့သည် ၎င်းတို့ကုမ္ပဏီက မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်လျက်ရှိသည့် စီမံကိန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများ ပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံ ထူထောင်ဆောင်ရွက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာစီပီမွေးမြူရေးလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများ ပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံ ထူထောင်ဆောင်ရွက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



## ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက နို့စားနွားမွေးမြူရေးခြံ၏ ဆောင်ရွက်ဆဲလုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများကို ဖိတ်ခေါ် ၍ training program များကို စတင်လုပ်ဆောင်ခဲ့မှု၊ ပြင်ပမှ လေ့လာသူတောင်သူများကို ဖိတ်ခေါ်၍ ၎င်းတို့၏ မွေးမြူရေးစနစ်များ ပိုမိုကောင်းမွန်လာစေရေး အကူအညီဆောင်ရွက်ပေးနေမှုနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မူလတန်းကျောင်းသားများအား နို့နှင့် နို့ထွက်ပစ္စည်းများကို အာဟာရအဖြစ်ကျွေးမွေးခြင်းနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဆိုင်ရာ လေ့လာမှုမှတ်တမ်းများကို ရှင်းလင်းတင်ပြကြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော မွေးမြူရေးထွက် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနနှင့် ပုဂ္ဂလိကများ၏ သဘောတူညီချက်ပါအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရေးနှင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး နို့စားနွားမွေးမြူထားရှိမှု၊ နို့ညှစ်စက်၊ နို့သန့် နို့ပေါင်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ရည်ရွယ်ချက်များ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် Myanmar C.P Livestock Limited တို့အကြား ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများ ပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံ ထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာအရ နို့စားနွားမွေးမြူရေးခြံကို မြန်မာနိုင်ငံ၏ စံပြမွေးမြူရေးခြံအဖြစ် တည်ထောင်ရန်၊ နို့စားနွားမွေးမြူရေးပညာပေးအနေဖြင့် ဦးစီးဌာနမှ လေ့လာရေးလာရောက်သူများကို လေ့လာခွင့်နှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခွင့်ပြုရန်၊ အခြေခံကျောင်းများ၌ နို့တိုက်ကျွေးရေးအစီအစဉ်များတွင် နို့စားနွားမွေးမြူရေးခြံမှ ထွက်ရှိသည့် နို့များဖြင့် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ချက်များဖြင့် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ မိုး/ဇလ

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။






**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် လူမှုရေးဦးတည်ချက်(၁)ရပ်ဖြစ်သည့် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** အတွက် လိုအပ်သောနည်းပညာမြင့်မားတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝမှုတို့သည် ပညာရေးမြင့်မားခြင်းအပေါ်တွင် မူတည်ပါကြောင်း၊ ကျောင်းသားမိဘ ဝန်ထမ်းများအနေဖြင့် သားသမီးများကို ပညာအမွေ လက်ဆင့်ကမ်းကာ မိမိတို့ထက်သာလွန်သော နိုင်ငံ့သားကောင်းရတနာများ ဖြစ်စေရေး ဆုံးမသွန်သင်ပေးရန်နှင့် ကောင်းမွေပေးရန်လိုကြောင်း၊ ထို့ပြင် **"စဉ်ဆက်မပြတ်ကိုယ်တိုင်လေ့လာသင်ယူမှု"** သည်လည်း အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာသင်ယူနိုင်စေရန် အခြေခံအကျဆုံး Infrastructure သည် စာကြည့်တိုက်များ ဖြစ်ပြီး **"စာမတတ်သူ ပပျောက်ရေး"** မှသည် "စာမဖတ်သူ ပပျောက်ရေး" ကိုလည်း စာဖတ်ရှိန်မြှင့်တင်၍ အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးအား လည်းကောင်း၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဇနီးက ခြောက်ဘာသာ ဂုဏ်ထူးရှင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ခြောက်ဘာသာ ဂုဏ်ထူးရှင်၊ ငါးဘာသာဂုဏ်ထူးရှင်နှင့် ဒုတိယဝန်ကြီး၏ဇနီးက ငါးဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်(၂) နှင့် အရာရှိကြီးများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များအားလည်းကောင်း ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအနက်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၀၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၅၇ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၃၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၇၉၇ ဦးတို့ကို ဒုတိယအကြိမ် ပညာသင်စရိတ်အဖြစ် ချီးမြှင့်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလာတက္ကသိုလ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာတက္ကသိုလ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့ တက်ရောက်အားပေးသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းနှင့် အမရပူရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပရာ မန္တလာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး "စာပဒေသာဝေဆာစေမည်" ဗီဒီယိုကလစ်ကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းက စာကြည့်တိုက်များ အတွက် စာအုပ်စာစောင်များလှူဒါန်းရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လက်ခံရယူသည်။

ဆက်လက်ပြီး စာရေးဆရာမ မေမြတ်လင်း (တိုင်ပင်ဖော်)က မန္တလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ဆေးဝါးတက္ကသိုလ်တို့အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။



ယင်းနောက် မန္တလာတက္ကသိုလ်မှ အနုပညာအသင်းဝင် ကျောင်းသား ကျောင်းသူများက "ပညာဝေဖြာမန္တလာ" သီချင်းဖြင့်လည်းကောင်း၊ စကားရည်လုပွဲ (Final) ယှဉ်ပြိုင်ခြင်း၊ မန္တလာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည်တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ မန္တလေးမြို့ရှိ တက္ကသိုလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာ၍ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်




**မအူပင် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးသင်ဆရာ ဆရာမများ၊ မြို့နယ်အဆင့်အောင်ချက်အကောင်းဆုံးဆုရရှိသည့် ကျောင်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၉ ဦး စုစုပေါင်း ၁၃၆ ဦး၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် အောင်ချက်အကောင်းဆုံးရရှိသည့် အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှစ်ကျောင်းအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မအူပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ တက္ကသိုလ်ဝင်တန်း Grade-12 သင် ကျောင်း ၃၇ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှစ်ကျောင်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူအတွင်းဖြေ ၉၈၁ ဦး၊ အပြင်ဖြေ ၁၉ ဦး စုစုပေါင်း ၁၀၀၀ ဖြေဆိုခဲ့ရာ ၆၂၅ ဦးအောင်မြင်ခဲ့ပြီး မြို့နယ်အဆင့်အောင်ချက်ရာခိုင်နှုန်း ၆၂ ဒသမ ၅ ရာခိုင်နှုန်းအောင်မြင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ၊ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ်တို့နှင့် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်

နေပြည်တော် ဇူလိုင် ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီက တျန်းချီ (Dianchi) အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာရှိ အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၄) ကြိမ်မြောက်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ ဦးဆောင်သည့် တရုတ် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။



အဆိုပါ ဆွေးနွေးမှုတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှု အခွင့်အလမ်းများနှင့် အေးအတူ ပူအမျှ အသိုက်အဝန်း ဖော်ဆောင်ရေးကိစ္စ၊ အဆင့်မြင့် အရာရှိကြီးများ၏ အပြန်အလှန် ခရီးစဉ်များ ပိုမိုပြုလုပ်သွားရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဘုံအကျိုး စီးပွားဖော်ဆောင်နိုင်မည့် စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးကိစ္စ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အပြုသဘော ဆက်လက် ကူညီသွားရေးကိစ္စ၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပုံမှန်ပြန်လည် ပြုလုပ်သွားရေးကိစ္စတို့ကို အလေးထား ဆွေးနွေးကြသည်။



ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဟိုင်းကန်းဥယျာဉ် ဟိုတယ် (Haigeng Garden Hotel)၌ တရုတ်ပြည်သူ့ကွန်ဂရက် ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွိပေါ် ဦးဆောင်သည့် ယူနန်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင် သွားရေးအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် မစ္စတာဝမ်ယွိပေါ်က မြန်မာကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီး H.E. Mr. Imran Haider ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ပြတိုက်နှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရှေ့ဆက် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေပြု၍ ဘာသာရေး၊ ယဉ်ကျေးမှု အခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# တာချီလိတ်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တာချီလိတ် ဇူလိုင် ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအလတ်စားထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုထားသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ ဟိန်းမေတ္တာကုမ္ပဏီ(SETCL-43,44) လုပ်ကွက်များမှ ပုံချက်ကွင်းဟောင်းပေါ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပျိုးပင်များကို နယ်မြေခံတပ်နယ်မှ ခေတ္တဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုတို့က ပေးအပ်ရာ ကုမ္ပဏီတာဝန်ရှိသူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက လက်ခံရယူပြီး ပုံချက်ကွင်းဟောင်း သုည ဒသမ ၈၉ ဧကပေါ်တွင် မန်ကျန်ရှားပင် ၃၀၀ နှင့် မဲဇလီပင် ၁၈၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပုံချက်ကွင်းဟောင်း ၉ ဒသမ ၇၁ ဧကပေါ်တွင် မန်ကျန်ရှားပင် ၃၀၃၀၊ ကျွန်း ၁၁၂၀၊ မဲဇလီပင် ၁၃၀၀ နှင့် ပုံချက်ကွင်း(Leaching pad) ၃ ဒသမ ၅ ဧကပေါ်တွင် မန်ကျန်ရှားပင် ၉၀၀ နှင့် မဲဇလီပင် ၇၂၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများအား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အား လည်းကောင်း၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အား လည်းကောင်း၊ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အား လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယမန်နေ့က အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ ဖြစ်ကြသည့် နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire အားလည်းကောင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား လည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း၊ ဒေသတွင်း ဘင်းမ်စတက် လုံခြုံရေးဆိုင်ရာနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှု အခြေအနေနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲ Ambassador Abdul Motaleb Sarker အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် အိန္ဒိယနိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ H.E. Shri Ajit Doval အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် နီပေါနိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံစဉ်။

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးတက်ရောက်ရန် ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် အဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) သို့ တက်ရောက်ရန် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နေပြည်တော်သို့ ရောက်ရှိလာကြသော အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT တို့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများသည် ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့အတူ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်မည့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရ

ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရဆိုလို့ ကြီးကျယ်ရန်ကောလို့ မထင်လိုက်ကြပါနဲ့။ တကယ်တော့ ဒီမိုကရေစီရွေးကောက်ပွဲများရဲ့ သဘောသဘာဝက ရိုးရှင်းပါတယ်။ မြန်မာစာပေကျမ်းဂန်တွေအရဆို ကမ္ဘာဦးလူသားတွေခေတ်ကတည်းက မဟာသမ္မတမင်းကို လူအများက ရွေးကောက်တင်မြှောက်ခဲ့ကြတာ ဖြစ်ပါတယ်။

ဘာကြောင့် တင်မြှောက်ခဲ့ကြသလဲဆိုတော့ လောဘအားကြီးတဲ့ လူပျင်းတစ်ယောက်ဟာ ပိုင်ရှင်သတ်သတ်မှတ်မှတ်စိုက်ပျိုးထားတဲ့အခင်းက သလေးစပါးတွေကို ဥစ္စာရှင်တို့အား အသိမပေးဘဲ ခိုးယူရာမှ ဥစ္စာရှင်တို့က တွေ့မြင်တဲ့အခါ တစ်ကြိမ်၊ နှစ်ကြိမ် ကြိမ်းမောင်းတားမြစ်ပြန်လွှတ်ပေးခဲ့ပေမယ့် သုံးကြိမ်မြောက်မှာတော့ ခိုးသူကို ထုထောင်းရိုက်နှက်ကြပါတော့တယ်။

ဒီနောက်မှာတော့ လူအပေါင်းဟာ စည်းဝေးကြပြီး **“လောက၌လူဆိုး၊ လူညစ်၊ လူယုတ်မာတို့ကို နှိမ်နင်းဆုံးမခြင်းငှာ၊ ချီးမြှောက်တန်သောသူကိုလည်း ချီးမြှောက်စေခြင်းငှာ၊ တစ်ဦးဦးသောသူကို အကြီးအကဲတင်ထား၍ မင်းမြှောက်ကြကုန်အံ့။ ထိုမင်းအား ငါတို့၏သလေးခင်းမှ ဆယ်ဖို့တစ်ဖို့ကို နှစ်စဉ်နှစ်တိုင်းပေးကြကုန်အံ့”** ဆိုပြီး အညီအညွတ် သဘောတူတိုင်ပင်ကြပြီး သင့်လျော်လျောက်ပတ်သော လူတစ်ယောက်ကို ရွေးကောက်တင်မြှောက်ခဲ့ကြပါတယ်။

ထိုမင်းကို လူအများက မင်းဟု သမုတ်အပ်သောကြောင့် “မဟာသမ္မတ”၊ လယ်မြေတို့ကို အစိုးရခြင်းကြောင့် “ခတ္တိယ”၊ တရားသဖြင့် သူတစ်ပါးတို့ကို ချစ်ခင်၊ တပ်မက်၊ နှစ်သက်စေတတ်သောကြောင့် “ရာဇာ”လို့ အမည်ရပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း သခင်အောင်ဆန်း ကလောင်အမည်နဲ့ နိုင်ငံရေးအမျိုးမျိုးဆောင်းပါးမှာ **“ဗမာ့အယူအရ၊ ပဒေသာပင်ခေတ်မှ သမ္မတမင်းခေတ် (အစိုးရပေါ်သည့်ခေတ်)တည်းဟူသော နိုင်ငံရေးဘဝရောက်လာ၏။** တခြားဆရာတွေ အယူအဆမှုကား လူရိုင်းမှ လူယဉ်ခေတ် ရောက်လာသည့်အခါ နိုင်ငံရေးပေါ်သည်ဟုဆို၏။ မည်သို့ဖြစ်စေ တူသောအချက်ကား လူမှု၊ သူမှုကိစ္စများ ထွေပြားနက်နဲလာသည့်အခါ လူတစ်ဦးတည်း၊ တစ်အိမ်ထောင်တည်း၊ တစ်မျိုးတည်း၊ တစ်ဘာသာတည်း၊ တစ်နိုင်ငံတည်းဆိုသော ကိစ္စမျိုးမရှိတော့ဘဲ တစ်ဆင့်ထက်တစ်ဆင့် တက်လာ၏။ ထိုလူ့အဆင့်အတန်းမှ နိုင်ငံရေးတည်းဟူသော ပင်မသည်ပေါ်လာ၏။

ပေါ်လာပုံကား လူတွေကများလွန်း၍ ပြဿနာ

> **အမေရိကန်က မဲဆန္ဒရှင်အချို့ကတော့ သူတို့ရဲ့သဘောထားထင်မြင်ချက်တွေနဲ့ ပြဿနာတွေကို ဝါရှင်တန်ကိုယူသွားပြီး ဖြေရှင်းပေးမယ့်ကိုယ်စားလှယ်ဖြစ်ဖို့လိုတယ်လို့ ဆိုကြတယ်။ အချို့ကလည်း တိုင်းပြည်ရဲ့အကောင်းအဆိုးဟာ နိုင်ငံရေးသမားတွေရဲ့ လက်ထဲမှာရှိတယ်။ တိုင်းပြည်ကောင်းစားရေးထက် မိမိရဲ့နိုင်ငံရေးတက်လမ်းကို ကြည့်တဲ့ နိုင်ငံရေးသမား(politician)ထက် တိုင်းပြည်အရေးကို ရှေ့တန်းတင်တဲ့ခေါင်းဆောင်(Leader)မျိုးကို အလိုရှိတယ်လို့ဆိုကြတယ်။ ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက မဲဆန္ဒရှင်အချို့ကတော့ သူတို့မဲဆန္ဒပေးတဲ့လူဟာ သန့်ရှင်းတဲ့ပုံရိပ်ရှိရမယ်၊ ပညာတတ်ရမယ်၊ ရာဇဝတ်မှုနောက်ကြောင်း မရှိသူဖြစ်ရမယ်လို့ ဆိုပါတယ်။**

တွေက ရှုပ်လွန်း၍၊ လူချင်းညှိလို့မရလွန်း၍၊ တစ်ယောက်ယောက်စည်းမဲ့ကမ်းမဲ့ဖြစ်လာ၍ အစိုးရဟု ပေါ်ပေါက်လာ၏။ ထိုအစိုးရကား လူတွေက အသီးသီးသူ့နေရာသူ သူတို့အားလုံးအကျိုးအတွက် တင်လိုက်၍ဖြစ်ရ၏။ လူများက သူတို့အတွက်ဘေးရန်ကာကွယ်ပေးနိုင်ပါစေ၊ အငြင်းအခုံများဖျန်ဖြေပေးနိုင်ပါစေ၊ အစားအသောက် အဝတ်အနေမှန်ပါစေဆို၍ အစိုးရကိုချီးမြှောက်ကြ၏။ ဝိုင်းဝန်းကြ၏။ ကူညီကြ၏။ ကူညီပုံကား လိုသမျှလုပ်နိုင်အောင် အခွန်ပေးကြ၏။ အစိုးရစကားကို လိုက်နာကြ၏။ အစိုးရလည်း ရသည့်အခွန်ကို တိုင်းသူပြည်သားများအတွက် ပြန်သုံးရ၏။ တိုင်းသူပြည်သားများကောင်းကျိုးအတွက် အများလိုက်နာရန် ဥပဒေတွေထုတ်၊ ဥပဒေမနာခံသူတွေကို အထိုက်အလျောက် စီရင်ပေးရ၏။ အမှန်စင်စစ်မှာ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်မှုဟုခေါ်သော ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေး၏အရင်းခံသဘောပင်ဖြစ်၏။ နိုင်ငံရေး၏ မဖောက်မပြန် မှန်ကန်သော ပရမတ်တရားဖြစ်၏။ သို့သော် နက်နက်နဲနဲ တွေးရှုသည့်အခါ အမှန်မှာ ဒီမိုကရေစီဟူ၍ မရှိလှသေး။

အစိုးရဟု ဖြစ်ပေါ်လာစဉ်ကပင် လူတွေတရားမစောင့်နိုင်၍ဖြစ်၏။ လူတွေသာ တရားစောင့်နိုင်လျှင် အစိုးရရှိတော့မည်မဟုတ်။ ဤကား ... ဗမာ့ကျမ်းဂန်တွေ၌ပင်ရှိ၏”လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ဒီဘက်ခေတ်မှာတော့ အမေရိကန်ရဲ့ ၁၆ ဆက်မြောက် သမ္မတကြီး အေဘရာဟမ်လင်ကွန်း

> **မဲဆန္ဒရှင် မြန်မာပြည်သူများအနေနဲ့လည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရကိုသိရှိပြီး လာမယ့်ရွေးကောက်ပွဲများမှာ ပြည်သူလူထုက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ရမယ့် နိုင်ငံရေးသမားတွေဟာ ဘယ်လိုအရည်အချင်းတွေရှိသင့်သလဲ။ ပြည်သူက ဘာကိုကြည့်ပြီး မဲပေးကြမလဲ။ ပြည်သူ့ကိုယ်စား တိုင်းရေးပြည်မှုများကို စီမံခန့်ခွဲပေးမယ့် ပြည်သူ့ကိုယ်စားလှယ်များကို လူမှန်နေရာမှန်ဖြစ်အောင် ဘယ်လိုရွေးချယ်တင်မြှောက်ကြမလဲ ဆိုတာ**

၁၈၆၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့မှာပြောကြားခဲ့တဲ့ သူ့ရဲ့နာမည်ကျော် ဂက်တီစဘတ်မိန့်ခွန်းထဲက by the people, for the people ပြည်သူရဲ့အစိုးရ၊ ပြည်သူတင်မြှောက်သည့်အစိုးရ၊ ပြည်သူအတွက် အစိုးရစတဲ့ နိုင်ငံရေးဝေါဟာရစကားလုံးတွေ၊ လူအများစုပေါင်းအုပ်ချုပ်မှုဟူသော အဓိပ္ပာယ်ရတဲ့ ခေါ်မစကား(ဂရိ)မှ ဆင်းသက်လာတဲ့ ပေါ်လစ်တစ် (politics)ဆိုတဲ့ နိုင်ငံရေးဝေါဟာရစကားလုံးတွေပဲ တွင်တွင်ကျယ်ကျယ် ထင်ရှားလာတယ်။

ဘယ်လိုပဲခေါ်ခေါ် **အနှစ်ချုပ်ကတော့ ရွေးကောက်ပွဲ၊ ရွေးချယ်တင်မြှောက်ပွဲမှန်သမျှ ပြည်သူ့အရေးကိစ္စတွေကို အဆင်ပြေချောမွေ့အောင်၊ ကောင်းသထက်ကောင်းအောင် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ဖို့ ပြည်သူတွေက သူတို့ကိုယ်စားကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်ခြင်းပဲဖြစ်ပါတယ်။**

ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွေရဲ့ အနှစ်သာရကတော့ လူကောင်းလူတော်တွေကို လူမှန်နေရာမှန်ဖြစ်အောင် တတ်နိုင်သမျှ စိစစ်ရွေးချယ်တင်မြှောက်ခွင့်ရခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီရင့်ကျက်တဲ့ နိုင်ငံကြီးတွေက မဲဆန္ဒရှင်တွေကတော့ တိုင်းရေးပြည်မှုတွေကို ဦးဆောင်ဦးရွက်ပြုပြီး စီမံခန့်ခွဲကြမယ့်ပုဂ္ဂိုလ်တွေဟာ သာမန်လူထဲက လူတွေလောက်တော့ မဖြစ်သင့်ဘူး။ သာမန်လူ အဆင့်ထက်ပိုပြီးမြင့်မားတဲ့ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ အကျင့်စရိုက်တွေရှိဖို့ လိုတယ်လို့ ယူဆကြပါတယ်။

**အမေရိကန်က မဲဆန္ဒရှင်အချို့ကတော့ သူတို့ရဲ့သဘောထားထင်မြင်ချက်တွေနဲ့ ပြဿနာတွေကို ဝါရှင်တန်ကိုယူသွားပြီး ဖြေရှင်းပေးမယ့်ကိုယ်စားလှယ်ဖြစ်ဖို့လိုတယ်လို့ ဆိုကြတယ်။ အချို့ကလည်း တိုင်းပြည်ရဲ့အကောင်းအဆိုးဟာ နိုင်ငံရေးသမားတွေရဲ့ လက်ထဲမှာရှိတယ်။ တိုင်းပြည်ကောင်းစားရေးထက် မိမိရဲ့နိုင်ငံရေးတက်လမ်းကိုကြည့်တဲ့ နိုင်ငံရေးသမား(politician)ထက် တိုင်းပြည်အရေးကို ရှေ့တန်းတင်တဲ့ခေါင်းဆောင်(Leader)မျိုးကို အလိုရှိတယ်လို့ ဆိုကြတယ်။ ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက မဲဆန္ဒရှင်အချို့ကတော့ သူတို့မဲဆန္ဒပေးတဲ့လူဟာ သန့်ရှင်းတဲ့ပုံရိပ်ရှိရမယ်၊ ပညာတတ်ရမယ်၊ ရာဇဝတ်မှုနောက်ကြောင်း**

မောင်ကမ္ဘာ

**မရှိသူဖြစ်ရမယ်လို့ ဆိုပါတယ်။**

ဗြိတိန်နိုင်ငံက မဲဆန္ဒရှင်များကတော့ ရွေးကောက်ပွဲတွေမှာ ယှဉ်ပြိုင်အရွေးခံကြတဲ့ နိုင်ငံရေးပါတီများရဲ့မူဝါဒတွေရော၊ အမတ်လောင်းတွေရဲ့ ကိုယ်ရည်ကိုယ်သွေးကိုပါ တတ်နိုင်သမျှလေ့လာပြီး မူနဲ့လူကိုညှိပြီး မဲပေးတတ်ကြတယ်။ အချို့မဲဆန္ဒရှင်များကတော့ နိုင်ငံရေးမူဝါဒထက် အမတ်လောင်းရဲ့ အရည်အချင်းကိုကြည့်ပြီး ဆုံးဖြတ်ခြင်းဟာ ဒီမိုကရေစီနည်းကျတယ်လို့ ယုံကြည်ကြပါတယ်။

**တူညီတဲ့အချက်ကတော့ သူတို့အသည်းကြားက မဲတစ်ပြားကို ထိထိရောက်ရောက် အသုံးချတတ်ကြခြင်းပဲဖြစ်ပါတယ်။ သူတို့မျှော်လင့်ထားတဲ့ အစိုးရဆေးရုံတွေ၊ အစိုးရစာသင်ကျောင်းတွေ အဆင့်မြှင့်တင်ခြင်းစတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ မျှော်လင့်သလိုဖြစ်မလာခဲ့ရင်လည်း ရွေးကောက်ပွဲနောက်တစ်ကြိမ်ကျရင် ဆုံးမဒဏ်ခတ်လေ့ရှိကြတယ်။**

လတ်တလော ဇူလိုင် ၄ ရက်က ကျင်းပခဲ့တဲ့ ဗြိတိန်အထွေထွေရွေးကောက်ပွဲမှာဆိုရင် ဗြိတိန်မဲဆန္ဒရှင်များဟာ နေထိုင်စရိတ်ကြီးမြင့်မှုပြဿနာ၊ အစိုးရရဲ့ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေနဲ့ ကမ္ဘာ့အရေးကိစ္စတွေနဲ့ပတ်သက်ပြီး အာဏာရပါတီရဲ့ ကိုင်တွယ်ဆောင်ရွက်မှုအပေါ် သဘောမကျဖြစ်လာတဲ့အတွက် အာဏာရကွန်ဆာဗေးတစ်ပါတီရဲ့ ၁၄ နှစ်တာအုပ်ချုပ်မှုကို အဆုံးသတ်စေပြီး လေဘာပါတီကို ပံ့အောမဲပေးထောက်ခံခဲ့ကြပါတယ်။

အနိုင်ရလေဘာပါတီခေါင်းဆောင် ဝန်ကြီးချုပ်အသစ်ဖြစ်လာတဲ့ ကီယာစတားမားက **“ပြည်သူတွေက ဒီမိုကရေစီနဲ့ အနာဂတ်အတွက် မဲပေးခဲ့ပြီးပါပြီ။ အခုအချိန်ကတော့ ကျွန်တော်တို့ပြန်ပြီးထမ်းဆောင်ရတော့မယ့်အချိန်ပါပဲ။ နိုင်ငံက ပထမ၊ ပါတီက ဒုတိယပါ”**လို့ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူလူထုကိုအလုပ်အကျွေးပြုတဲ့ အစိုးရဖြစ်စေရမယ်လို့လည်း သူကဆိုပါတယ်။ မဲဆန္ဒရှင်တွေကို စတားမားပေးခဲ့တဲ့ ကတိကဝတ်တွေထဲမှာ ပြည်သူလူထုရဲ့လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးမယ်ဆိုတဲ့ အချက်လည်း ပါဝင်ခဲ့ပါတယ်။

ရာထူးကဆင်းသွားရတဲ့ အာရှနွယ်ဖွားထဲက ပထမဆုံးဗြိတိသျှဝန်ကြီးချုပ်ဖြစ်လာခဲ့သူ ကွန်ဆာဗေးတစ်ပါတီ ဝန်ကြီးချုပ် ရီရှီဆူးနက်ခ်ကတော့ **“ဒီညမှာ ဗြိတိသျှလူမျိုးတွေက သူတို့ရဲ့သဘောထားတွေကို ပြသခဲ့ပါပြီ။ သင်ယူစရာတွေအများကြီးရှိသေးတယ်။ ပြီးတော့ ဆုံးရှုံးမှုအတွက် ကျွန်တော်တာဝန်ယူပါတယ်”**လို့ ဆိုပါတယ်။

မဲဆန္ဒရှင် မြန်မာပြည်သူများအနေနဲ့လည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများရဲ့ သဘောသဘာဝနဲ့ အနှစ်သာရကိုသိရှိပြီး လာမယ့်ရွေးကောက်ပွဲများမှာ ပြည်သူလူထုက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ရမယ့် နိုင်ငံရေးသမားတွေဟာ ဘယ်လိုအရည်အချင်းတွေရှိသင့်သလဲ။ ပြည်သူက ဘာကိုကြည့်ပြီး မဲပေးကြမလဲ။ ပြည်သူ့ကိုယ်စား တိုင်းရေးပြည်မှုများကို စီမံခန့်ခွဲပေးမယ့် ပြည်သူ့ကိုယ်စားလှယ်များကို လူမှန်နေရာမှန်ဖြစ်အောင် ဘယ်လိုရွေးချယ်တင်မြှောက်ကြမလဲ ဆိုတာ လေ့လာဆန်းစစ်သုံးသပ်နိုင်ဖို့ တင်ပြလိုက်ရကြောင်းပါ။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ခင်လူးကျေးရွာရှိ ရွှေညောင်ပင် နို့စားနွားမွေးမြူရေး သမဝါယမအသင်းသို့ သွားရောက်ပြီး နို့စားနွားမွေးမြူသူအသင်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သက်ဆိုင်ရာတာဝန်ရှိသူများက မိတ္ထီလာခရိုင်အတွင်း သမဝါယမအသင်းများမှ နို့စားနွားနှင့် ဒေသနွားမွေးမြူထားရှိမှု၊ မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစာနှင့် ခြံများတည်ဆောက်နိုင်ရေးအတွက် ထောက်ပံ့ပေးအပ်မည့် အစီအမံများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်တို့အတွင်း နို့စားနွားနှင့် ဒေသနွားမကောင်ရေ ၅၃၀ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် မိတ္ထီလာမြို့နယ်အတွင်း သမဝါယမအသင်း ခုနစ်သင်းမှ နို့စားနွား ၄၁၂ ကောင်၊ ဒေသနွားမ ၄၂၁ ကောင် တိုးချဲ့မွေးမြူမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် လိုအပ်သည့် မျိုး၊ အစာနှင့် ခြံတည်ဆောက်ခြင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး နို့စားနွားမွေးမြူသူ အသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေညောင်ပင် နို့စားနွားမွေးမြူရေး သမဝါယမအသင်းမှ နို့စားနွားမွေးမြူသူ အသင်းသားများကို နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် အစာစရိတ်နှင့် နွားခြံဆောက်လုပ်ရန် သမဝါယမအသင်းချေးငွေများ ပေးအပ်ပြီး နို့စားနွားမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ကောင်းထက်စံ နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နို့နှင့် နို့ထွက်ပစ္စည်းများ တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုအနေဖြင့် လိုအပ်သောအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြား၍ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် လိန်တောကျေးရွာ၌ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်ပို့ချလျက်ရှိသော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ လိန်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လည်းကောင်း၊ မိတ္ထီလာမြို့နယ် တောမကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် လည်းကောင်း၊ မိတ္ထီလာမြို့ရှိ သမဝါယမ ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံပြီး ဆရာ ဆရာမများ၊ ဒေသခံတောင်သူများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၇၇၉ အိမ်၊ လူဦးရေ ၃၀၀၀ တို့ကို အကျိုးပြုပေးနိုင်မည့် အင်ကြင်းကန်-အုတ်ဖို-ကြံပင်-ထန်းတော ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဇီးဖြူကုန်းကျေးရွာ ကုန်ထုတ်လမ်းဖောက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောလျင်စွာ ပြီးစီးရေး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံးက လမ်းရေရှည်ကောင်းမွန်စေရေးနှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပြင်ဦးလွင်မြို့နယ် ညောင်ပေါ်ကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ရုံးသို့ရောက်ရှိပြီး ဝန်ကြီးဌာနအောက် ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အကြောင်း အမျိုးမျိုးကြောင့် လာရောက်တွဲဖက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် မိသားစုများ၏ အခက်အခဲများကို ဝိုင်းဝန်းကူညီဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး ဦးစီးဌာနအလိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းတစ်ဦးချင်းနှင့် ဌာနအလိုက် အခက်အခဲများကိုမေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ပေပင်ကျေးရွာအုပ်စု ညောင်ပေါ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သော ရွာတွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကုန်ထုတ်လမ်း နှစ်မိုင် ဖောက်လုပ်ပေးခြင်း လုပ်ငန်း၊ ရေထွက်ရေတားတမံ ပြုလုပ်ပေးခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကာ ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်သော ရာသီပန်းများ စိုက်ပျိုးရာတွင် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများ ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူသုံးစွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ညောင်ပေါ်ကျေးရွာ ရေထွက်ရေတားတမံ ပြုလုပ်ပေးခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ် ကျေးရွာများ၌ ကုန်ထုတ်လမ်း၊ တံတားနှင့် ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်မည်

မိုးနဲ ဇူလိုင် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကုန်ထုတ်လမ်း၊ တံတားနှင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါအောင်ကုမ္ပဏီများနှင့် တွေ့ဆုံမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးက တင်ဒါအောင်ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါအောင်ကုမ္ပဏီများက ကုန်းကျောင်းကျေးရွာ ကုန်ထုတ်လမ်း၊ နမ့်ကော်ကျေးရွာ ရေပိုက်သွယ်တန်းခြင်း၊ နောင်ယာဆိုင်းကျေးရွာ ရေစုကန်တည်ဆောက်ခြင်း၊ နောင်လိုင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် တက်တက်ကျေးရွာ ရေပိုက်လဲလှယ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ လုပ်ငန်းလိုအပ်ချက်များအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြပြီး လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၉၁ ဒသမ ၁၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# ဘိုကလေးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ဘိုကလေး ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် သစ်တောဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အဆင့် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ ရက်က ဘိုကလေးမြို့နယ် ကဒုံကနိ သစ်တောကြိုးဝိုင်း အကွက်အမှတ်(၆၇)၌ ကျင်းပသည်။

အဆိုပါ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရန်နိုင်ဖြိုးနှင့် ဝန်ထမ်းများ၊ သရော်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ခရေစွဲနှင့် သဲဖြူကျေးရွာများမှ ဒေသခံပြည်သူများက ကဒုံကနိကြိုးဝိုင်းအတွင်း ထမုံ့ကြီးနှင့် ဖြူရွှေဝါ ပျိုးပင် ၁၂၁၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဘုန်းမြင့်အောင်**

## ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁ / ၂၀၂၄) သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်ဖွင့်လှစ်ပေးပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဋ္ဌမ အကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ဒိုင်လူကြီး တာဝန်ထမ်းဆောင်မည့်သူများ အရည်အချင်းပြည့်မီစွာ တာဝန်ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဒိုင်လူကြီး သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ဒိုင်လူကြီးများအနေဖြင့် ဥပဒေသများ ကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ အဂတိတရား ကင်းရှင်းမှုနှင့် မှန်ကန်စွာ ဆုံးဖြတ်နိုင်မှုတို့သည် လွန်စွာအရေးကြီးကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် အရည်အချင်း ပြည့်မီသည့် ဒိုင်လူကြီးများ ဖြစ်လာစေရန် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ သင်တန်းသား သင်တန်းသူ ၂၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြု ယှဉ်ပြိုင်နိုင်သည့် စံချိန်စံညွှန်း ပြည့်မီပြီး အရည်အချင်းရှိသည့် အားကစားသမားများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အဘက်ဘက်က ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာ အားကစားနည်းများတွင် ထူးချွန်သူများ ဖြစ်လာစေရန်နှင့် အားကစားသမားတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး အစဉ်တိုးတက်နေစေရန် ကြိုးစားကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ ပြည်စံချိန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စံချိန်များတွင် စံချိန်သစ်တင်နိုင်ခဲ့သည့် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ် အားကစားလေ့ကျင့်ရေးစခန်း(Youth Camp)တို့မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက ပြိုင်ပွဲများတွင် စံချိန်သစ်တင်နိုင်အောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရေဘေးဖြစ်ပွားသည့်နေရာများအား သွားရောက်ကူညီထောက်ပံ့

**သာယာဝတီ ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း ဇောဝတီမြစ်ရေလျှံမှု၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြစ်မခမြစ်ရေ ကြီးမှုတို့ကြောင့် သာယာဝတီခရိုင်အတွင်း ရေဘေးဖြစ်ပွားသည့် နေရာများအား လိုအပ်သည်များ သွားရောက် ကူညီထောက်ပံ့ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် လက်ပံတန်းမြို့နယ် ဖိုးကတိုး-ကညင်အောတာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေတားတာတစ်လျှောက် ရေကင်းများချ၍ ကြံ့ခိုင်မှုအား အချိန်ပြည့်စစ်ဆေးရန်၊ ရေကျော်နိုင်သည့် တာအနိမ့်နေရာများတွင် သဲအိတ်များဖြင့် ယာယီမြှင့်တင်ခြင်းများ ဆောင်ရွက်ရန်နှင့် ရေလမ်းကြောင်းတစ်လျှောက်ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် လက်ပံတန်း-သာရဝေါ မဟာဗျူဟာလမ်း မိုင်တိုင်အမှတ်(၅/၁)နှင့် (၅/၂)ကြား ရေကျော်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မင်းလှမြို့နယ် ထန်းပင်ကုန်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေး စခန်းရှိ ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသုံးကုန်များကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေဘေးသင့်ဦးရေ ၉၆ ဦးအတွက် ဆန်ရိက္ခာဖိုးတစ်ပတ်စာအတွက် ငွေကျပ် ၂၀၁၆၀၀၊ နေအိမ်ကြိုတင်ပြောင်းရွှေ့စရိတ် ငွေကျပ် ၄၂၇၃၀၀ နှင့် ရေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေသည့် ကျန်းမာရေး ဝန်ထမ်းများအား သီးခြားထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မင်းလှ-မိုးညိုကားလမ်းတစ်လျှောက်မြစ်ရေဝင်ရောက်မှုနှင့် သာယာဝတီမြို့နယ် သုံးဆယ်- ဖိုးခေါင်-စံရွေးလမ်းပေါ်ရှိ တံတားအမှတ်(၁/၆)၊ (၁/၇)၊ (၂/၇)နှင့် (၃/၇)တို့တွင် မြစ်မခမြစ်ရေ ကြီးမှုကြောင့် ရေတိုက်စားကာ တံတားကမ်းကပ်ခုံများ ထိခိုက်မှုမရှိစေရေး ကွင်းဆင်းကြည့်ရှုခဲ့ပြီး မြစ်မခမြစ်ရေဘေးကာကွယ်ရေး တာများဖြစ်သည့် သရော်အိပ်လဟာတာနှင့်ကွမ်းခြံလေးဒူးတာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ ရေဘေးကာကွယ်ရေး တာများသည် ကျေးလက်ဒေသများ၌ ဒေသတစ်ခုနှင့်တစ်ခု ချိတ်ဆက်ပေးသည့် ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနေသဖြင့် ဒေသထွက်သီးနှံထွက်ကုန်များ သယ်ယူပို့ဆောင်မှု မပြတ်တောက်စေရေး တာများ၏ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး စစ်ဆေးဆောင်ရွက်ရန် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုးနဲ ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့ နယ်သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းပုလဲဆောင်ခန်းမ၌ ကျင်းပသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ဦးစွာ လင်းခေးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က သစ်တောနှင့်ရာသီဥတုပြောင်းလဲမှု သိကောင်းစရာများအကြောင်းကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်အောင်အောင်က ဇီဝမျိုးစုံမျိုးကွဲများ၊ ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးသိကောင်းစရာများအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောကာ မြို့နယ်သစ်တောဝန်ထမ်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**





## ဆန်းသစ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ဆန်းသစ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၄ ရက်က အဆိုပါအသင်းစုရုံး၌ကျင်းပသည်။

နှစ်ပတ်လည်အစည်းအဝေးတွင်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က သမဝါယမလုပ်ငန်းစဉ်များ၊ အသင်းဥပဒေများ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးကျော်ဆွေကအသင်း၏အခြေအနေများကို ရှင်းလင်းပြောကြားကာအသင်းသူ အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီ အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့နှင့် အခွန်အခကောက်ခံရရှိသည့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်ကောင်စီ အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့နှင့် အခွန်အခ ကောက်ခံရရှိသည့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခွန်တိမ်းရှောင်သူများ မရှိစေရေး၊ အခွန်စည်းကြပ် ကောက်ခံနိုင်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခွန်ထမ်းသစ်တိုးချဲ့ဖော်ထုတ်ခြင်း၊ အခွန်လွတ်ကင်းမှုများ ဖြစ်ပေါ်နေသည့် နယ်ပယ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ အခွန်ကောက်ခံသည့်ဌာနများကို လစဉ်တိုးတက်မှုရှိစေရေး၊ ပြေစာအခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံနေသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြေစာအခွန်အမှတ်တံဆိပ် မှန်မှန်ကန်ကန် ကပ်နှိပ်စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက အခွန်အရပ်ရပ်လျာထားချက်များ ပြည့်မီရေး၊ အခွန်ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်မှု၊ အခွန်ထမ်းသစ်ဖော်ထုတ်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)ရှိ အားကစားခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးနှင့် ပတ်သက်၍ လိုအပ်သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆရာ ဆရာမများ သင်ကြားမှုစွမ်းရည်မြှင့်တင်ပေးနိုင်မှုအခြေအနေများ၊ ပုဂ္ဂလိကကျောင်းများအစား အခြေခံကျောင်းများတွင် တက်ရောက်စေပြီး အဆင့်မီစွာ သင်ကြားပေးနိုင်မည့်အခြေအနေနှင့် ဆရာ ဆရာမများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ မေးခွန်းပုံစံ၊ ဖြေဆိုနည်းနှင့် အမှတ်ပေးစည်းမျဉ်းများအား ကျောင်းသား ကျောင်းသူများ ကြိုတင်သိရှိနားလည်သဘောပေါက်စေရေးအတွက် ကျောင်းများတွင် ဘာသာရပ်ကျွမ်းကျင်ဆရာကြီး ဆရာမကြီးများအား ဖိတ်ခေါ်၍ ဟောပြောပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းစာသင်ခန်းအတွင်း အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးပြီး အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ပညာရည်စစ်ဆေးတိုင်းတာခြင်းနှင့် တတ်မြောက်မှုအကဲဖြတ်ခြင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဗလငါးတန်ပြည့်ဝ၍ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်သည့် စံပြကျောင်းများဖြစ်စေရေး မိဘ၊ ဆရာ၊ ကျောင်းသားများက ကဏ္ဍပေါင်းစုံ ပါဝင်လိုက်နာလုပ်ဆောင်မည့် ကိစ္စရပ်များနှင့် သက်ဆိုင်ရာ မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီး/ ပြည်နယ်နှင့် အခြေခံပညာဦးစီးဌာနတို့က ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် အခြေအနေများအား သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သား ဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ထူးချွန်ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများကို ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုကို ရှင်းလင်းပြောကြားပြီး ထူးချွန်ဆုရစစ်သည်များနှင့် ကျောင်းသား ကျောင်းသူများသည် ပြတိုက်အတွင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ ထို့နောက် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်ဘောဂသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောင်ဘောဂရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင်၂၅ ရက်မွန်းလွဲ ၁ နာရီက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် စေတနာသမ္မာရဝတ်အသင်းဓမ္မာရုံ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ်အသင်းဥက္ကဋ္ဌ ဦးညွန့်အောင်ကဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ ကြည့်မြင်တိုင်မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးမင်းမင်းယုက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အမှုဆောင် ဦးကျော်လင်းကဖတ်ကြားပြီး စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကို ဒေါ်သန့်သန့်ဇင်က ဖတ်ကြား၍ အသင်းသားများ၏ သဘောတူညီချက်ကိုရယူခဲ့ပြီး သဘာပတိဦးညွန့်အောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**ဘော်ဂါသွေး**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒို မြို့တော်သစ် နျူဆန်တာရာ၌ စတင်တာဝန်ထမ်းဆောင်မည်



ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုက ကာလီမန်တန်ကျွန်းတွင် တည်ရှိသည့် နိုင်ငံ၏ မြို့တော်သစ် နျူဆန်တာရာ၌ ဇူလိုင် ၂၈ ရက်တွင် စတင်တာဝန်ထမ်းဆောင်မည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယင်းကြေညာချက်အား သမ္မတရုံးအကြီးအကဲ ဟီရူဗူဒီဟာတိုနိုက ယမန်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၂၈ ရက်တွင် သမ္မတဂျိုကိုဝီဒိုဒို မြို့တော်သစ်၌ စတင်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ပြင်ဆင်မှုများဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြို့တော်သစ်တွင် လာမည့်ရက်များအတွင်း သောက်သုံးရေရရှိစေရေး ဆောင်ရွက်နေကြောင်း ပြည်သူ့ဆောက်လုပ်ရေးနှင့်အိမ်ရာဝန်ကြီး ဗာဆူကီဟာဒီမူဂျိုနိုက ပြောကြားသည်။ လက်ရှိအချိန်တွင် သောက်သုံးရေများကို စစ်ဆေးနေပြီး မကြာမီအချိန်တွင် မြို့တော်သစ်ရှိ လူနေရပ်ကွက်များသို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် ဩဂုတ်လတွင် ကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ကို မြို့တော်သစ်နျူဆန်တာရာနှင့် ဂျကာတာတို့တွင် တစ်ပြိုင်တည်း ကျင်းပနိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ

## အိန္ဒိယနိုင်ငံက အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၁၉ သန်း ရင်းနှီးမြှုပ်နှံမည်

နယူးဒေလီ ဇူလိုင် ၂၅

အိန္ဒိယနိုင်ငံက ၎င်း၏အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရူပီး ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁၉ သန်း) ခန့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေကို ထူထောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေ ထူထောင်ရေးကိစ္စနှင့်ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီး နာမာလာသီတာရာမန်က ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။ နိုင်ငံ၏ အာကာသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လာမည့် ၁၀ နှစ်အတွင်း ငါးဆအထိ ချဲ့ထွင်ရန် အလေးပေး ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။



အိန္ဒိယနိုင်ငံသည် လက်ရှိတွင် နိုင်ငံ၏ အာကာသလုပ်ငန်းကို တွန်းအားပေးရန် မကြာသေးမီက မူဝါဒအသစ်များ ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အာကာသစီးပွားရေးရင်းနှီးမြှုပ်နှံမှု ပမာဏသည် ကမ္ဘာ့အာကာသစီးပွားရေး၏ နှစ်ရာခိုင်နှုန်းခန့် ရှိကြောင်း သိရသည်။

အစိုးရက ပုဂ္ဂလိကကဏ္ဍကို အာကာသလုပ်ငန်းတွင် ပါဝင်ခွင့်ပေးထားသည်။ ဂြိုဟ်တုစနစ်များ ထုတ်လုပ်ရေးတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အပြည့်အဝဆောင်ရွက်ရန် ယခုနှစ်အစောပိုင်းတွင် သဘောတူညီခဲ့ပြီး လွှတ်တင်ယာဉ်များအတွက် စည်းမျဉ်းများကိုလည်း ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် လကမ္ဘာ၏တောင်ဝင်ရိုးစွန်းအနီးတွင် မောင်းသူမဲ့ယာဉ်ကို အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။ မောင်းသူမဲ့ယာဉ် ချန်ဒရာယန်-၃ (Chandrayaan-3) သည် ဆင်းသက်ပြီးနောက် ၎င်း၏လဆင်းယာဉ်သည် စူးစမ်းရှာဖွေရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သည်။ လကမ္ဘာပေါ်တွင် ဆာလဖာပါဝင်မှုရှိကြောင်းကို အတည်ပြုနိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၄၀ ပြည့်နှစ်တွင် လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများ ဖြန့်ကြက်ထားရှိရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းဂေမီ တိုက်ခတ်မှုကြောင့် ၂၁ ဦးသေဆုံး

မနီလာ ဇူလိုင် ၂၅

ဖိလစ်ပိုင်နိုင်ငံ၌ မုတ်သုံရာသီဥတု ဝင်ရောက်ခြင်းနှင့်အတူ တိုင်ဖွန်းမုန်တိုင်းဂေမီ တိုက်ခတ်မှုကြောင့် ဖြစ်ပွားသည့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းစသည့်ဖြစ်စဉ်များကြောင့် လက်ရှိအချိန်တွင် သေဆုံးသူ ၂၁ ဦးရှိလာကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်ဟု ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ယင်းဖြစ်စဉ်များအတွင်း မနီလာမြို့တော်တွင် ခုနစ်ဦး၊ ကာဗီတီပြည်နယ်တွင် သုံးဦး၊ ဗက်တန်ဂတ်စ်ပြည်နယ်တွင် ငါးဦးနှင့် ရေဇယ်ပြည်နယ်တွင် သုံးဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ထပ်လောင်း ပြောကြားသည်။

ရေနစ်ခြင်း၊ မြေပြိုခြင်း၊ သစ်ပင်လဲကျခြင်းနှင့် ဓာတ်လိုက်ခြင်းတို့ကြောင့် ဒေသခံများသေဆုံးရကြောင်း သိရသည်။ ယခုနှစ်အတွင်း ဝင်ရောက်တိုက်ခတ်သည့် ဂေမီတိုင်ဖွန်းမုန်တိုင်းကြောင့် မြို့တော်မနီလာအပါအဝင် ဒေသအများအပြားတွင် ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ ထို့ပြင် ဂေမီတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ကမ်းရိုးတန်းဒေသများတွင် အဆောက်အအုံများ ပျက်စီးခဲ့၍ မုန်တိုင်းဒဏ်သင့်ဒေသမှ ဒေသခံများက စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများနှင့် ခိုလှုံရေးစင်တာများတွင် ခိုလှုံခဲ့ကြသည်။ ပစိဖိတ်မုန်တိုင်းလမ်းကြောင်းတွင် တည်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးများကို မကြာခဏ ခံစားရလေ့ရှိပြီး တစ်နှစ်လျှင် တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် တိုက်ခိုက်လေ့ရှိသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၀၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တရုတ်(တိုင်ပေ)၌ တိုင်ဖွန်းမုန်တိုင်းဂေမီ တိုက်ခတ်ခဲ့ရာ အနည်းဆုံး သုံးဦး သေဆုံး

တရုတ် ဇူလိုင် ၂၅

တရုတ်(တိုင်ပေ)၌ တိုင်ဖွန်းမုန်တိုင်းဂေမီ တိုက်ခတ်ခဲ့ရာ အနည်းဆုံး သုံးဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းဂေမီသည် ပစိဖိတ်ဘက်ခြမ်းရှိ ယီလန်စီရင်စုသို့ ဇူလိုင် ၂၃ ရက် ညသန်းခေါင်ယံအချိန်တွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း တိုင်ပေအာဏာပိုင်များက ပြောကြားသည်။

လေပြင်း တိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ပတ်သက်သည့်သတိပေးချက်များကို အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။ ဇူလိုင် ၂၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် သုံးဦး သေဆုံးပြီး ၃၈၀ ဒဏ်ရာရခဲ့သည်။

တိုင်ဖွန်း မုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ပြီးနောက် လေးနာရီခန့်အကြာတွင် တိုင်ပေရေလက်ကြားသို့ ရွေ့လျားသွားကြောင်း သိရသည်။ သို့သော် တိုင်ပေတောင်ပိုင်း၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းခဲ့သည်။

ဇူလိုင်၂၅ ရက်တွင် တောင်တန်းဒေသအချို့တွင် မိုးရေချိန် ၁၀၀၀ မီလီမီတာအထိ မြင့်တက်ခဲ့သည်။

မိုးရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေကြီးရေလျှံမှုဖြစ်ကာ မြေပြိုမှုများလည်း ဖြစ်ပွားခဲ့သည်။ ဟွာလီယန်စီရင်စုတွင် တံတားတစ်စင်း မျောပါသွားခဲ့ပြီး မီးရထားလမ်းများ ပျက်စီးခဲ့သည်။

အချို့နေရာများတွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

ပြည်သူ ၁၂၀၀၀ ခန့်ကို ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် "Shine Htet Phyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်နေ သန့်ဇင်မျိုးအား မွန်းလွဲ ၃ နာရီခွဲတွင် ကျည်တောင်ကန်နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်ထိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူခြောက်ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ငါးဦးကိုလည်း ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေ

**ကျိုက်ထို ဇူလိုင် ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ကျောက်တန်းကလေးကျေးရွာအနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျဉ်းကတိုးကုန်းကျေးရွာမှ ပြည်သူခြောက်ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပိန္နဲကုန်းကျေးရွာမှ ပြည်သူ ငါးဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားထားသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ကျောက်တန်းကလေးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာသို့ရောက်ရှိစဉ် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာအနီးတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခဲ့ရာ တရားမဝင်သယံဇာတများ တူးဖော်ရာတွင် အသုံးပြုမည့် ဘက်ဟိုးယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း၊ ထိုသို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းများလည်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးအတွက် ပြည်သူများထံမှ အတင်းအဓမ္မ ငွေကြေးတောင်းခံခြင်း၊ မူးယစ်ဆေးဝါးများ ရောင်းချခြင်းနှင့် သဘာဝသယံဇာတများကို တရားမဝင်တူးဖော်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် အများပြည်သူကို ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်တံခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ကျောက်တံခါး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်း (မြို့ချောင်း)ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

အခမ်းအနားတွင် ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်-၂က အမှာစကားပြောကြားပြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းပိုင်က မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Video Clipအား ပြသခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀ အား လှူဒါန်းပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ အထက (မြို့ချောင်း) ကျောင်းဝင်းအတွင်း အရိပ်ရပန်းအလှပင် ၅၀ တို့အား သစ်ပင်စိုက်ပျိုးသရုပ်ပြသခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၇-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ မြရောင်ခြယ်...ပြည်ပဗိုက်ကုန်အမယ်
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၁၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၃၂)
- ၁၅:၁၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၅၀ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၀၅ နိုင်ငံတော်မှအလေးထားဆောင်ရွက်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်
- ၁၇:၄၀ လွတ်လပ်ပြီးတရားမျှတတဲ့ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'မိုး' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၆)

### mitv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:09 We'll Leave After 12 Passengers Are On Board
- 07:25 People's Military Service Law 1
- 07:37 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Sago Worm Curry and Cricket and Tamarind Paste Curry
- 08:01 News
- 08:26 Global Updates: Tiny forests provide heat relief in cities
- 08:32 Taungoo City Travelogue
- 09:01 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-3) Residence of Rich Man, Kothiya
- 09:13 Commercial Farmimg to GDP Growth, Lady's Fingers Grower
- 09:25 The Lapidarist
- 09:41 Myanmar Traditional Brass Embossed Painting
- 10:01 News

### MRTV NRC

- ရှမ်း (၀၆:၀၀ မှ ၀၈:၀၀) လုမ်းခွဲပါလေတောင်တိုင်မြေ
- ဝ (၀၈:၀၀ မှ ၁၀:၀၀) စာအတူတူဖတ်ကြရအောင်
- ကချင် (၁၀:၀၀ မှ ၁၂:၀၀) ကချင်ခေါင်ရည်(စပီ)ပြုလုပ်ပုံ
- ကယား (၁၂:၀၀ မှ ၁၄:၀၀) သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
- စကောကရင် (၁၄:၀၀ မှ ၁၅:၀၀) ဗိုရိုးပလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း
- အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀) မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း
- အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀) ဒေါ်ခင်အင်းနှင့်စုပေါင်းငါးဖမ်းပွဲတော်
- ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀) မြင်းဘွာရွက်ရဲ့အစွမ်း
- ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀) ချင်း(ချိုး)တို့၏ရှေးရိုးရာလေးဗေဒင်
- မွန် (၁၉:၀၀ မှ ၂၁:၀၀) ငါးနုပ်မရှပ်းပြားမွန်ချက်
- ရခိုင် (၂၁:၀၀ မှ ၂၃:၀၀) အနာဂတ်ရဲ့အိပ်မက်ခရီးရှည်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၄၅ ရသစုံစွာဤမြေကမ္ဘာ
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနှင့်ဒေါသ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၅)
- ၁၈:၀၀ Economic Review

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများအားပေးစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ ကျေးလက်ကွန်ရက်
- ၁၈:၀၀ New Flash
- ၁၉:၀၀ မကြွေပါနဲ့ဆာကူရာ(ဇာတ်လမ်း)
- ၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၄၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Hantharwady United FC Vs Yadanarbon FC

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## အယ်ဒီတာ့ထံ ပေးစာ

# ပြည်သူမှ ပြည်သူသို့ ........

**အယ်ဒီတာ ခင်ဗျား-**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်စဉ်တွေကို မြင်ရကြားရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ စစ်ရှောင်ကားတန်းကြီးတွေမြင်ရတာ၊ လမ်းတွေမှာပိတ်မိလို့ အစာရေစာ အခက်အခဲဖြစ်နေတာတွေကိုမြင်ရတော့ ကျွန်တော်တို့နိုင်ငံသားတွေအတွက် အင်မတန်မှ ဝမ်းနည်းမျက်ရည်ကျမိပါတယ်။ ဒါပေမဲ့လို့ ပြည်သူအချင်းချင်း ဝိုင်းဝန်းကူညီနေကြတာ၊ ကျွေးမွေးလှူဒါန်းနေကြတာတွေ မြင်တွေ့ရတော့လည်း နည်းနည်းတော့ စိတ်သက်သာရာ ရမိပါတယ်။

တကယ်တော့ ဒီလိုအခြေအနေတွေဖြစ်အောင် ဘယ်သူတွေလုပ်ဆောင်နေတယ် ဘာကြောင့်လုပ်နေတယ်ဆိုတာ ပြည်သူတွေက သိလာကြပါပြီ။ MNDAA ၊TNLA ၊ AA စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ဟာ လက်ရှိ နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူပြီးတော့ သူတို့နယ်မြေချဲ့ထွင်နိုင်ရေး၊ ဆက်ကြေးကောက်၊ ခေါးပြတိုက်ငွေရှာနိုင်ရေးအတွက် တိုင်းရင်းသားအခွင့်အရေး ခေါင်းစဉ်တပ်ပြီး အသံကောင်းဟစ်လုပ်ဆောင်နေကြတာပါ။

လက်ရှိအခြေအနေမှာ ကိုးကန့်ဒေသအတွင်းမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ဗမာအပါအဝင် တိုင်းရင်းသားအလုပ်သမားတွေကို ဖမ်းဆီးပြီး MNDAA အတွက် တိုက်ပွဲဝင်ခိုင်းတဲ့ဖြစ်စဉ်တွေ၊ စာသင်ကျောင်းတွေပိတ်ထားတာတွေ၊ အခွန်အကောက်တွေ ကောက်ခံနေတာတွေကို လုပ်ဆောင်နေတဲ့အတွက် အဲဒီဒေသမှာနေထိုင်သူတွေက **"အရင်ထက်ဆိုးတဲ့အခွန်တွေ ကောက်ခံနေရင်၊ ပြည်သူတွေကို ညစ်ပတ်နေရင် သိပ်မကြာတော့ဘူး မင်းတို့ကျရှုံးလိမ့်မယ်၊ ဒါပြည်သူ့ကျိန်စာပဲ"**ဆိုတဲ့အသံတွေကိုလည်း နားမဆံ့အောင် ကြားလာရပါပြီ။

နောက်တစ်ဦးကလည်း "တိုင်းရင်းသားလက်နက်ကိုင်တွေ တပ်မတော်ကိုတိုက်နေတာ အာဏာရှင်ကို တော်လှန်နေတာမဟုတ်ဘူး။ နယ်မြေလုနေတာ၊ ခင်ဗျားတို့ရဲ့ အိမ်တွေ၊ မြေတွေကို အပိုင်ယူမှာ၊ သူတို့ကိုးကန့်၊ ပလောင်နယ်အဖြစ်သိမ်းမှာ၊ လူမျိုးရေးအရ တိုက်နေတာ။ ခုထိတပ်မတော်ကို မုန်းတာနဲ့ပဲ မျက်စိတွေနားတွေ မပွင့်ကြသေးဘူးလား" ဆိုတဲ့ ကွန်မန့်တွေကိုလည်း လူမှုမီဒီယာတွေမှာ တွေ့နေရပါတယ်။

ယခု ဇူလိုင်လဆန်းကစပြီးတော့ လားရှိုးမြို့ကို နယ်မြေချဲ့ထွင်ဖို့ MNDAA နဲ့ အပေါင်းပါတွေက တိုက်ခိုက်လို့ အပြစ်မဲ့ပြည်သူတွေသေကျေဒဏ်ရာရမှုတွေဖြစ်နေပါတယ်။ ဒါကြောင့် စစ်ရှောင်လာသူအမြောက်အမြားဟာ မိမိတို့ဆွေမျိုးသားချင်းများရှိရာ နေရာတွေကို လာတဲ့အခါမှာ အခက်အခဲတွေနဲ့ ကြုံနေရတာပါ။

ဒါကြောင့် လက်ရှိအခက်အခဲနဲ့ကြုံတွေ့နေရတဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နဲ့ တိုက်ပွဲတွေကြောင့် ခေတ္တတိမ်းရှောင်နေရတဲ့ တိုင်းရင်းသားပြည်သူတွေကို အသိပေးချင်တာက ဘာမှ အားမငယ်ပါနဲ့။ ပြည်သူကနေ အခက်အခဲဖြစ်နေတဲ့ ပြည်သူတွေကို အစားအသောက်၊ နေရာထိုင်ခင်းကအစ ဖုန်းဘေလ်အဆုံးတတ်နိုင်တဲ့ဘက်က ကူညီနေကြပါတယ်။ ဆက်လည်းကူညီပေးနေမှာပါ။

**နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေနဲ့လည်း မြို့ခံလူထု၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် အစွမ်းကုန် ဦးစားပေးဆောင်ရွက်လျက်ရှိသလို ဒေသခံပြည်သူတွေ၊ တိုင်းရင်းသားတွေ၊ ဝန်ထမ်းတွေကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်ကို အားပေးထောက်ခံလျက်ရှိတယ်ဆိုတာကို ကြေးမုံအယ်ဒီတာမှတစ်ဆင့် အသိပေးပေးပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်။** မောင်နိုင်(ရန်ကုန်မြို့)

## အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်"တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းနှင့် အမျိုးသား အမျိုးသမီးများအား ညစ်ညမ်းမေးခွန်းများကို လိုက်လံမေးမြန်း၍ လူမှုကွန်ရက်စာမျက်နှာများ၌ ထုတ်လွှင့်ပြသသူ Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူတို့အား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့် ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွ နားထောင်ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော ရိုက်ကူးထုတ်လွှင့်ပြသမှုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဆောင်ရွက်နေကြသည်ကို တွေ့ရှိပါသဖြင့် လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင်သော၊ ညစ်ညမ်းသော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့် ပြသခဲ့သည့် "မောင်လေးစုပ်" တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းကို ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

ထို့ပြင် လိင်ဆက်ဆံမှုဆိုင်ရာ ညစ်ညမ်းမေးခွန်းများကို အမျိုးသား အမျိုးသမီးများအား လိုက်လံမေးမြန်း၍ အီလက်ထရောနစ်ဆက်သွယ်ရေးနည်းပညာအသုံးပြုကာ လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူများကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)ဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့မရဲစခန်း၌ သက်ဆိုင်ရာက အမှုဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။

သို့ပါ၍ ရုပ်ရှင်နှင့် ဗီဒီယိုကားများ၊ တေးသီချင်း ဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများမပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**



## တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကျောက်ကပ်သန့်စင်ဆေးရည် လာရောက်လှူဒါန်း

**တောင်ငူ ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ကျောက်ကပ်သွေးသန့်စင်လူနာများအတွက် တောင်ငူမြို့ ရွှေမင်းဝင် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုကူညီရေးအသင်းမှ ကျောက်ကပ်သန့်စင်ဆေးရည် Solution (A) ၂၅ ပုံးနှင့် Solution(B) ၂၅ ပုံး လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် တောင်ငူခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဝင်းခိုင်က ကျေးဇူးတင်စကားပြောကြားပြီး တောင်ငူမြို့ ရွှေမင်းဝင် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုကူညီရေးအသင်းမှ ဆရာတော် အရှင်စန္ဒောဘာသက ကျောက်ကပ်သန့်စင်ဆေးရည် Solution (A) ၂၅ ပုံးနှင့် Solution (B) ၂၅ ပုံးကို လှူဒါန်းရာ သမားတော်ကြီး ဒေါက်တာမိမိချိုက လက်ခံရယူပြီး ဆရာတော်အရှင်စန္ဒောဘာသအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အဆိုပါ လှူဒါန်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**သထုံ ဇူလိုင် ၂၅**

မွန်ပြည်နယ် သထုံခရိုင်၌ အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းဆပ်ကော်မတီ၏ ကော်မတီဝင်များ ပေါင်းစပ်ညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားပြီး အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်း ဆပ်ကော်မတီအတွင်းရေးမှူး ဒေါ်နွယ်နွယ်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်၊ လုပ်ငန်းဆပ်ကော်မတီ ရှစ်ခုဖွဲ့စည်းထားရှိမှု၊ ဆပ်ကော်မတီအလိုက် ဆွေးနွေးပွဲကျင်းပမှုများနှင့် ဆုံးဖြတ်ချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့မှုများ၊ တိုင်ကြားနိုင်သည့်ဖြစ်ရပ်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်တို့က မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ခဲ့မှုများ၊ ရှေ့လုပ်ငန်းစဉ်တို့ကို တင်ပြဆွေးနွေးကြရာ ခရိုင်ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်တို့ကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိ မီးလောင်ပျက်စီးခဲ့သော နေအိမ်များ ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ



မော်လမြိုင် ဇူလိုင် ၂၅

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသ ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရာ မီးလောင်ပျက်စီးသွားသော အိမ်များအား ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ သာသနာ ၂၅၀၀ ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာအတွင်း လူနေအိမ်များ မီးလောင်ခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကော်မတီ အဆင့်ဆင့်ကိုဖွဲ့စည်း၍ အနီးပတ်ဝန်းကျင်ကျေးရွာများ၌ တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့နေရပ်သို့ သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည်များကို အဘက်ဘက်မှ ဖြည့်ဆည်းပေးနိုင်ရေး အထူးအလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိ မီးလောင်ပျက်စီးသွားသော နေအိမ်အလုံး ၃၈၀ အား ပြန်လည်တည်ဆောက်ရေးအတွက် တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ငွေကျပ်သိန်း ၁၉၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဖြိုးသန့်က တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၁၉၀၀ စုစုပေါင်း ငွေကျပ် သိန်း ၃၈၀၀ အား ပေးအပ်လှူဒါန်းရာ ကူညီရေးအဖွဲ့က ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ကေတုမာလာနှင့် ကူညီရေးအဖွဲ့၊ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၃၈၀ အတွက် ငွေကျပ်သိန်း ၇၆၀၊ ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၁၀၄၉၅၁၂၈၀၊ အိမ်ထောင်စု ၃၈၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၃၈၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၇၄၉၃၆၈၀ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး အလှူရှင်ဦးလှထွန်းက အိမ်မိုးသွပ်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက အိမ်ဆောက်ပစ္စည်းများတွက် စုစုပေါင်း လှူဒါန်းငွေကျပ်သွပ်ဖိုးငွေ ၂၂၀၂၈၅၀၀ တို့အား ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကူညီရေးအဖွဲ့မှ ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဆရာတော်များက မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိမီးလောင်ပျက်စီးသွားသောအိမ်များအား ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်မြွက်ကြားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဓမ္မသကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

မုံရွာ ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မုံရွာမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း (အလုံ) ၌ ကျင်းပသည်။



ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းညွန့်အောင်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဇော်လင်းထွန်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးသိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မုံရွာမြို့နယ်အတွင်းမှ အလယ်တန်းအဆင့် ကျောင်းစာကြည့်တိုက် ၁၁ တိုက်အတွက် တစ်တိုက်လျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ငွေကျပ် ၅၅ သိန်းကို ပေးအပ်ရာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးသိုက်က လည်းကောင်း၊ ကျောင်းစာကြည့်တိုက် ၁၁ တိုက်အတွက် စာအုပ်စာစောင်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်တို့က ပေးအပ်ရာ သက်ဆိုင်ရာ အလယ်တန်း ကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာဖတ်ဝိုင်းများ ကျင်းပနေမှုတို့ကိုလည်းကောင်း၊ ရုပ်ပုံဆက်၊ စကားပုံဆက်၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲနှင့် ပူဖောင်းဖောက်ပြိုင်ပွဲများတွင် ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ယင်းနောက် လင်းရောင်ခြည်ကျောင်း စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေ လေ့လာဖတ်ရှုနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားသို့ မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကျွန်းကလေး) ၌ လူငယ်စကားဝိုင်းကျင်းပ

လှည်းကူး ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကျွန်းကလေး)တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကျွန်းကလေး) ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးခင်ဇော်တို့က အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းက အားကစားနှင့်ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူးမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(ကျွန်းကလေး)မှ အထက်တန်းပြဆရာမ ဒေါ်အေးနန်းမြင့်တို့က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အထက(ကျွန်းကလေး)မှ ကျောင်းသား ကျောင်းသူများဖြစ်သည့် Grade –10မှ မောင်ထွဋ်ဘုန်းလျှံက လူငယ်နှင့်ပညာရေး၊ Grade –11 မှ မောင်ဝိုင်းချစ်ဦးက လူငယ်နှင့်စာပေ၊ Grade – 10 မှ မောင်အောင်မြင့်မြတ်က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade –11မှ မဖြူစင်လင်းက လူငယ်နှင့်နည်းပညာ၊ Grade – 11 မှ မထူးဇင်ဇင်သော်က လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ Grade –11မှ မချစ်ချမ်းပုံက လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်စိုက်ပျိုး

ပုသိမ် ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက်တွင် ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဒေသခံပြည်သူများနှင့်အတူ ယမန်နေ့ညနေပိုင်းက တက်ရောက်စိုက်ပျိုးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ဖြူးအုပ်ဆောင်းပင် ၅၀၀၊ မဒမပင် ၂၀၀၊ ဖြူးခြေထောက် ၆၆၅ ပင်၊ အုန်း ၃၅ ပင် စုစုပေါင်းအပင် ၁၄၀၀ အား ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ စိုက်ပျိုးပေးခဲ့ပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် ယခုနှစ်တွင် နိုင်ငံပိုင်ဒီရေတောစိုက်ခင်း ဧက ၁၄၀၀၊ ဒီရေတောထင်းစိုက်ခင်း ဧက ၅၀၀ စုစုပေါင်း ဒီရေတောစိုက်ခင်း ဧက ၁၉၀၀ စိုက်ပျိုးမည်ဖြစ်ပြီး စိုက်ခင်းအားလုံး စိုက်ပျိုးထူထောင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ထန်းတပင်မြို့နယ်၌ သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာများ အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ်သစ်တောဦးစီးဌာနက သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက (ထန်းတပင်) လှိုင်ရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အထက (ထန်းတပင်)မှ ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်က အမှာ



စကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ကျောင်းသားကျောင်းသူများအား သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများနှင့် ဂေဟစနစ်များအကြောင်းကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးခြင်း အခြေခံနည်းစနစ်များကို မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ဝန်ထမ်းများက သရုပ်ပြရှင်းလင်းပြသပြီး ကျောင်းဝင်းအတွင်း ထိုင်ဝမ်ပင် ၁၀ ပင်နှင့် ခရေပင် ၂၀ တို့ကို ကျောင်းသားကျောင်းသူများက စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# ဟိုင်းကြီးကျွန်း၌ မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ငပုတော ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်သစ်တောဦးစီးဌာနက ဇူလိုင် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အကြို ဒီရေတောသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ အရာခံ၊ စစ်သည်များ၊ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့် မြို့အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ စုစုပေါင်း အင်အား ၈၅ ဦး တက်ရောက်ပြီး ဖြူးအုပ်ဆောင်းပင် ၂၀၀၊ ဖြူးခြေထောက်ဖိုပင် ၂၀၀၊ မဒမပင် ၂၀၀၊ သမဲ့ပင် ၅၀၀ စုစုပေါင်းပျိုးပင် ၁၁၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မော်လမြိုင် ဇူလိုင် ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဖားအောက်ကျေးရွာနေပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူများအား အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၁၆၇ ဦးအား ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး ဇီဝအချက်အလက်များပါ ကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းကို တစ်ပါတည်းဆောင်ရွက်ပေးခဲ့ရာ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး



ဦးမြတ်သွင်နှင့် ခရိုင်/မြို့နယ် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# မအူပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

မအူပင် ဇူလိုင် ၂၅

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လေးအိမ်စုကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးနှင့် စီမံကိန်းတာဝန်ခံများက လေးအိမ်စုကျေးရွာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးအတွက် ၁၇ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးအတွက် ၁ ဒသမ ၈ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦးအတွက် သုည ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၃၉ ဦးအတွက် ၈ ဒသမ ၄၅ သန်း၊ သက်မွေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးအတွက် ၁ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၁၃၉ ဦးကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဘီးလင်းမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ

ဘီးလင်း ဇူလိုင် ၂၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသိပညာပေး**

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်က အဖွင့်အမှာစကားပြောကြားပြီး ဘီးလင်းမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်သွင်ထူးက လုပ်ငန်းရှင်များအား လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အခွန်ကောက်ခံခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်ထမ်းလုပ်ငန်းရှင်များ လိုက်နာရန် တာဝန်များ၊



လိုက်နာရန် ပျက်ကွက်မှုကိုအတွက် ပြစ်မှု၊ ပြစ်ဒဏ်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များက မရှင်းလင်းသည့်အချက်များ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၅-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၄၀၆။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ချိုချိုမိသားစုကောင်းမှု | ၅၅၀၀၀၀ |
| ၉၄၀၇။ | ဦးနိုင်စောလွင်နှင့်ဇနီး ဒေါ်ခင်အေးမော် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၀၈။ | ဦးစိုးမိုးနိုင်နှင့်ဇနီး ဒေါ်ရီရီစန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၀၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်သောင်း၊ (သား)မောင်ဉာဏ်လင်းအောင်၊ မောင်ထက်လင်းအောင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၄၁၀။ | ဒေါ်နီနီအေးမိသားစုကောင်းမှု | ၁၁၁၁၀၀ |
| ၉၄၁၁။ | မဆုရည်လှိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၂။ | ကွယ်လွန်သူဦးသန်းထွန်းအားရည်စူး၍ ဒေါ်လှမြင့်၊ သား/ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၃။ | ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၄။ | ကိုနေလင်းထွန်းနှင့်ဇနီး မစိုးစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၅။ | ကိုဟိန်းဇော်နှင့်ဇနီး မနီနီရွှေ (သား)မောင်အေးချမ်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၆။ | ကွယ်လွန်သူဦးအောင်သိန်းနှင့် ဒေါ်ခင်ကြွယ်ဦး၊ ဦးမောင်မောင်လွင်တို့အားရည်စူး၍ ဦးချစ်ကိုနှင့်ဇနီး ဒေါ်ဥမ္မာ၊ (သား)မောင်ဖြိုးဇင်ကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်စန်းမွန်၊ (သမီး)မဝေမွန်အောင်မြင့်၊ (သား)မောင်ရန်နိုင်အောင်မြင့်၊ (မြေး)မသီရိဝေမွန်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၈။ | ကိုမင်းမင်းလတ်နှင့်ဇနီး ဒေါ်သီသီဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၉။ | ဦးမောင်ဦးနှင့်ဇနီး ဒေါ်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၀။ | ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်တင်တင်လွင်၊ ဒေါက်တာခြူးမျက်ချယ်၊ မယွန်းမျက်သွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၁။ | ကွယ်လွန်သူဦးမြင့်သိန်းအားရည်စူး၍ ဒေါ်စန်းစန်းဝင်းနှင့် သား/ သမီး/မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၂။ | ကွယ်လွန်သူဦးဝင်းမောင်နှင့် ဒေါ်မြင့်မြင့်သိန်းတို့အား ရည်စူး၍ မဥမ္မာမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၄၂၃။ | ဗိုလ်မှူးကြီးမြတ်ကိုဝင်းနှင့်ဇနီး ဒေါ်ဝင့်ဝါဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၄။ | ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၅။ | ဦးနေမျိုးဝင်းနှင့် ဦးသော်ဇင်ဦးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၄၂၆။ | ဒေါ်ခင်ခင်အေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၇။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ဌေးဌေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၈။ | ဦးကွမ်းခေးနှင့်ဇနီး ဒေါ်ကျူးမိန်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၉။ | ဗိုလ်ကြီးညိမ်းဝေထွန်းနှင့်ဇနီး ဒေါ်နေခြည်ထွေး၊ (သား)မောင်လင်းသန့်ထွန်း၊ မောင်မင်းခန့်ကို မိသားစုကောင်းမှု | ၅၆၀၀၀ |
| ၉၄၃၀။ | ကွယ်လွန်သူဦးစန်းမောင်နှင့်ဇနီး ဒေါ်ဝင်းရီတို့အား ရည်စူး၍ ကိုကျော်သီဟနှင့်ဇနီး မခိုင်သဇင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၁။ | ဦးကြီးမြင့်နှင့်ဇနီး ဒေါ်စိန်စိန်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၂။ | ဦးသောင်းစိုးနှင့်ဇနီး ဒေါ်လှဝင်းတင့်၊ (သမီး)မမြတ်သိင်္ဂီစံ၊ မနှင်းယုယုစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၃။ | ကွယ်လွန်သူဖခင်ကြီးဦးသိန်းရွှေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၄။ | ကိုနေထက်လင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၅။ | ဦးကြည်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးစိန်မြအောင် နှင့်ဇနီး ဒေါ်လှလှဝင်း၊ သား/သမီးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၇။ | ဒေါ်တင်ကြီးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၈။ | ဦးတင်ကြိုင်၊ ဒေါ်ခင်မြိုင်၊ (မြေး)မောင်ခန့်ထက်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၉။ | ကိုဇော်လှိုင်ဦးနှင့်ဇနီး ဒေါ်မာမာစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၀။ | ဦးညွန့်ဝင်းနှင့်ဇနီး ဒေါ်စောမွန်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၁။ | ဦးသူရအောင်နှင့်ဇနီး ဒေါ်ရည်မင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၄၄၂။ | ဗိုလ်ချုပ်ကျော်ရွှေထွန်းနှင့်ဇနီး ဒေါ်ဥမ္မာဝင်း၊ (သား)မောင်ဆက်မြတ်ထွန်း၊ (သမီး)မဖြူသီရိကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၃။ | ဆရာလေးဒေါ်ပုည့ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၄။ | ဦးတင်အေးနှင့်ဇနီး ဒေါ်မြရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၅။ | ကိုအာကာမင်းနှင့်ဇနီး မနန်းမြလေးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၆။ | မနီလာလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၇။ | မသင်းသင်းအေး(ခ)မကြည်ကြည်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၈။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်ကျော့ကျော့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၉။ | ဦးဝင်းကျော်နှင့်ဇနီး ဒေါ်အေးအေးဝင်း၊ (သား)မောင်ဝန်းရုံလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၀။ | ဦးအောင်ကိုဝင်းကြည်နှင့်ဇနီး ဒေါက်တာခင်နွယ်ကြည်၊ (သား)မောင်ကြည်အုန်းထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၁။ | ကွယ်လွန်သူဦးသောင်းငြိမ်းအားရည်စူး၍ ဒေါ်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၂။ | ဦးဆက်ပိုင်ထွန်းနှင့်ဇနီး ဒေါ်ပိုးအိအိအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၃။ | ကွယ်လွန်သူဒေါ်နန်းသန်းစိန်အားရည်စူး၍ ဦးလှအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၄။ | ဦးမျိုးဇော်သိန်း၊ ဦးရန်မျိုးနိုင်၊ ဦးအောင်မင်းနှင့် ဦးအုံ့ပေါ်ဦးကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၅။ | ဦးမြင့်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၆။ | ကွယ်လွန်သူဒုတိယအရာခံဗိုလ်တိုင်းကျော်(ငြိမ်း)နှင့် မောင်နေဝင်းကျော်တို့အားရည်စူး၍ ဒေါ်လှသန်း၊ (သား)မောင်အောင်ဆန်းကျော်ကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၇။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒေါ်ဆွေဆွေမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၈။ | ဦးထွန်းလင်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၉။ | ကွယ်လွန်သူဦးလှသိန်းအားရည်စူး၍ ဒေါ်ခင်ပြုံးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဝေယျာဝစ္စအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၁၉၇၊ ဧရိယာ(၀.၀၅၇)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၉၇၊ စိန်ပန်းလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သီတာဦး[၁၄/ကခန(နိုင်)၀၃၄၉၈၁]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သီတာဦး[၁၄/ကခန(နိုင်)၀၃၄၉၈၁] (ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးမြင့်တင် [၁၀/ကမရ(နိုင်)၀၄၇၉၅၁]မှ ကွယ်လွန်သူဇနီးဖြစ်သူတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိမိတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားခင်ပွန်းမရှိကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတစ်ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်သီတာဦး၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းစိုး၏ သား ကျွန်တော် မောင်မာဏ်ဟိဏ်းကျော် [၁၂/ဒဂရ(နိုင်)၀၂၄၀၀၆] ၏ ပတ်စ်ပို့နံပါတ် (MG980396) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၇၇၆၂၆၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိန်ထွန်း[၈/ခမန(နိုင်)၁၁၉၈၈၁] ၏ သင်္ဘောသား လုပ်သက်စာအုပ် ရန်-၇၇၄/၉၇ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-961193424**

## အမည်ပြောင်း

အမှတ်(၇၀၀)၊ သုမိတ္တာ(၁၈)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သော (ဘ)ဦးဝင်းနိုင်[၁၂/မရက(နိုင်)၀၆၀၇၇၇] ကိုင်ဆောင်သူ၏ သမီးဖြစ်သူ ဘေဘီဆွေဆွေလွင်အား မဖြိုးအိအိသူ သို့ အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၉၆၅)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဦးသန်းထွန်း(CF-၀၀၃၉၆၁)အမည်ဖြင့် ထွက်ရှိထားသည့် ပါမစ်မြေအမျိုးအစားဧရိယာ(၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် လက်ရောက်ပိုင်ဆိုင်ထားသူ ဦးသိန်းဇော်လင်း [၁၂/ရကန(နိုင်)၀၁၅၂၄၉]က ခြံမြေ၏ ကာလတန်ဖိုးပေါက် ဈေးများနှင့်အညီရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းသီတာ[၁၂/ဒဂရ(နိုင်)၀၀၂၄၉၀]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်လာပြီးဖြစ်ပါသဖြင့် အဆိုပါအအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေအရောင်းအဝယ်နှင့် ပတ်သက်သည့်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်စန်းသီတာ [၁၂/ဒဂရ(နိုင်)၀၀၂၄၉၀]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထူးသဏ္ဍာဦး (LLB, CBL, DBL)(DL.101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၈၃)**
**အမှတ်(၃၀၆)၊ ခတ္တာလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ လူနေရပ်ကွက်အမှတ်(၂၆)၊ ဂရန်မြေအမည်ပေါက် ဒေါ်ပြည့်ပြည့်ပိုင်(ခ)နန့်မွန်အမည်ဖြင့် အမည်ပေါက်ထွက်ရှိထားသော နှစ်(၆၀)ဂရန်မြေအမျိုးအစား မဟာဗန္ဓုလလမ်း(မန္တလေး)လမ်းပေါ်တွင်တည်ရှိသော အကျယ်အဝန်းအားဖြင့် အလျား (၄၁ ) ပေ x အနံ(၆၀)ပေကျယ်ဝန်းသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ခန်းလျှင် (၁၇)ပေခွဲ (၅၄)ပေခန့်ရှိသော နှစ်ခန်းတွဲ(၆)ထပ်တိုက်ခန်းမှ တိုက်ခန်းကိုမျက်နှာမူပါက ကန်ထရိုက်တာအကျိုးခံစားခွင့်ရှိသည့် ခြေရင်းဘက်အခြမ်း (၅)လွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိလက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိပြီး အမွေစားအမွေခံမှစ၍ အမှုခင်းအရှုပ်အရှင်း ကင်းရှင်းပါကြောင်း ဂရန်မူရင်းနှင့်တကွ မြေရှင်နှင့်ကန်ထရိုက် သဘောတူညီချုပ်ဆိုထားသည့် အခန်းပေးအခန်းယူစနစ် ဆက်စပ်စာချုပ် စာရွက်စာတမ်းများ မှန်ကန်ပါကြောင်း မိမိပိုင်ဆိုင်သည့် ကန်ထရိုက်တာ ဘက်အခြမ်းမှ ယခုအရောင်းအဝယ်ပြုလုပ်သည့်အခန်းအား လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ Naing & Nandar Construction Group မှ ကန်ထရိုက်တာဖြစ်သူ ဦးစိုးနိုင် [၁၂/မဂတ(နိုင်)၀၀၀၉၂၆]မှ ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့ဆွေ[၁၂/မရက(နိုင်)၀၀၃၆၂၈]မှ အရစ်ကျစနစ်ဖြင့် ကြိုပွိုင့်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ (၃၀%)ကို ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် (၂၀–၇–၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူထားသည့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်သော အမွေစားအမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်းLLB., DBL**
**အထက်တန်းရှေ့နေ (စဉ်–၄၅၅၇၇/၂၆–၁–၂၀၁၅)**
**အမှတ်–၆၀(B–2)၊ သီရိလမ်း၊ ၂– ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၅၀၀၄၆၆၈၆၊ ၀၉–၄၀၁၁၅၄၆၀၀**

## ဦးရဲထက်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) (SAGE MYANMAR Co.,Ltd)နှင့် အများသိစေရန် ကြေညာခြင်း

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

(၁၅–၁၁–၂၀၁၄)နေ့တွင် ဦးရဲထက်ဦးသည် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းထံမှ **ငွေသိန်း(၇၅ဝ/) (ကျပ်သိန်းခုနစ်ရာ့ငါးဆယ်တိတိ)**ကို **ယုံမှတ်အပ်နှံရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ သဘောတူစာချုပ်**ချုပ်ဆို၍ ရယူသွားခဲ့ပါသည်။

ဦးရဲထက်ဦးကအာမခံပစ္စည်းအဖြစ် သန်လျင်မြို့နယ် ဘုရားကုန်းအဆင့် (၁)ရပ်ကွက်၊ မြေကွက်အမှတ် (၇၁၀)ဟုခေါ်တွင်သော အလျား ၄၀ပေ x အနံ၆၀ပေရှိ ဦးအေးခိုင်အမည်ပေါက် မြေကွက်ကို တင်သွင်းခဲ့ပါသည်။ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူများကို ပူးတွဲတင်သွင်းခဲ့ပါသည်။ ထို့နောက် ဦးရဲထက်ဦးသည် ဖောင်ဒေးရှင်းပိုင်ငွေ သိန်း(၇၅ဝ/ကျပ်)ကို ယနေ့အထိ တစ်ပြားတစ်ချပ်မျှ ပြန်လည်ပေးသွင်းခြင်းမရှိဘဲ ရှောင်တိမ်းနေခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်အရ ဦးရဲထက်ဦးကအာမခံပစ္စည်းအဖြစ် တင်သွင်းထားသောမြေကွက်မှာ သုံးကွက်တွဲ အုတ်တံတိုင်းကာရံထားသည့်မြေကွက်ဖြစ်ကြောင်းတွေ့ရှိရပြီး ဦးရဲထက်ဦးပိုင်ဆိုင်သော မြေကွက်မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ထို့ကြောင့် ဦးရဲထက်ဦးသည် မိမိပိုင်ဆိုင်ခြင်းမရှိသော မြေကွက်ကို မိမိပိုင်ဆိုင်ကြောင်း ယုံကြည်စေရန်အတွက် မရိုးမဖြောင့်သောသဘောဖြင့် စာမှတ်စာတမ်းအတုပြုလုပ်ပြီး ဖောင်ဒေးရှင်းပိုင်ငွေ သိန်း(၇၅၀)ကျပ်ကို လိမ်လည်ရယူ သွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးရဲထက်ဦးအနေနှင့် လိမ်လည်ရယူသွားသော ဖောင်ဒေးရှင်းပိုင်ငွေ သိန်း(၇၅၀)ကျပ်ကို (၇ –၈– ၂၀၂၄)နေ့နောက်ဆုံးထားပြီး မပျက်မကွက် (မပျက်မကွက်) လာရောက်ပေးသွင်းရန် အသိပေး ကြေညာအပ်ပါသည်။

အကယ်၍ ပျက်ကွက်လျှင်ဖြစ်စေ ငြင်းဆိုလျှင်ဖြစ်စေ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရ လည်းကောင်း ဥပဒေနှင့်အညီတရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q).,C.T.Med.,H.G.P,R.L** | **LL.B;D.B.L.,D.M.L.,D.I.L.,** |
| **D.B.L..D.M.L.,D.A.Psy.,D.A.E** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၅၈)** | **(စဉ်–၁၅၄၉၀)** |

**ဖုန်း–၀၉–၄၃၁၁၉၀၁၃**
**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်–မ–၅၉(၂)၊ ဦးပိုင်အမှတ်–၃၁/၃၇x၃၈လမ်းကြား၊ ၅၈x၅၉လမ်းကြားရှိ ဂရန်မြေကွက်အား၊ အမည်ပေါက်သူ ဦးမြင့်ဆွေ[၁၂/ဒဂန(နိုင်)၀၁၀၇၄၃] ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၉၄/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတာရာမြင့်ဆွေ[၁၂/ဗဟန(နိုင်)၁၀၇၇၀၃]က ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်ဆုံး၍ ဂရန်မိတ္တူ၊ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မြို့သာရပ်ကွက်၊ အကွက်အမှတ်(၆၆–စ၊ တောင်အူ)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀.၁၁၃)ဧကရှိ မြေကွက်အား ဦးတင်လင်းအောင်ပါ(၂)ဦးမှ မြေငှားဂရန် အသစ်လျှောက်ထားမှု ပတ်သက်၍ ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးတင်လင်းအောင် [၅/တဆန(နိုင်)၀၈၇၄၆၂]**
**Ph:09–972791201**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးခရိုင်၊ ကလေးမြို့၊ မြို့လှရပ်ကွက်၊ အကွက်အမှတ်(၆၆–ည၊ တောင်သာအရှေ့)၊ ဦးပိုင်အမှတ်(၂၀၈/၉၁၃)၊ ဧရိယာ(၀.၂၁၀)ဧကရှိ မြေကွက်အား ဦးနေလှယ်ထန်း ပါ(၂)ဦးမှ မြေငှားဂရန် အသစ်လျှောက်ထားမှု ပတ်သက်၍ ကန့်ကွက်လိုပါက(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဦးနေလှယ်ထန်း [၄/ဖလန(နိုင်)၀၀၀၃၁၀]**

**ဖုန်း–၀၉–၉၇၂၇၉၁၂၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်– ၂၉ –သုဝဏ္ဏရွှေဝါဆန်မြေ၊ မြေကွက်အမှတ်–၁၆၅၊မြေကွက်တည်နေရာအမှတ်(၁၆၅)၊ဒေါနလမ်း၊(၂၉–သုဝဏ္ဏရွှေဝါဆန်)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ဦးသန်းလွင်(၅/မလန(နိုင်)၀၀၁၁၉၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်–ဦးသန်းလွင်နှင့် ဒေါ်စိုးစိုးတို့အားတရားပြိုင်ထား၍ဒေါ်လှလှဝင်း၊ဦးသီဟဇော်၊ဒေါ်လှဲ့ဇင်အောင်တို့မှသဃ်န်းကျွန်းမြို့နယ်တရားရုံးတွင်တရားလိုပြုလုပ်၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုစွဲဆိုခဲ့သည့်တရားမကြီးမှုအမှတ်–၃၃/၂၀၂၃ (၁၄–၂–၂၀၂၄)၏စီရင်ချက်၊တရားမဇာရီမှုအမှတ်–၉/၂၀၂၄(၂၆–၃–၂၀၂၄)၏ထုံးပုံကျအပြီးသတ်အမိန့်၊တရားရုံး၏ဘီးလစ်ခန့်စာတို့တင်ပြ၍တရားရုံးကိုယ်စားဘီးလစ်ဦးထွန်းထွန်းအောင်(၉/မလန(နိုင်)၀၉၅၇၆၈)မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါကတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးစိုးမြင့်ဦး (ဒါရိုက်တာ) (GRAN AURIC Co.,Ltd) နှင့် အများသိစေရန် ကြေညာခြင်း

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

**(၁၅–၁၁–၂၀၁၄)**နေ့တွင် ဦးစိုးမြင့်ဦးသည် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းထံမှ **ငွေသိန်း(၇၅ဝ/) (ကျပ်သိန်းခုနစ်ရာ့ငါးဆယ်တိတိ)ကို ကျိုက်ထီးရိုးတောင်ခြေတွင် ဟိုတယ်လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် အကြောင်းပြ၍ ယုံမှတ်အပ်နှံရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုပြီး** ရယူသွားခဲ့ပါသည်။

ထို့နောက် ဦးစိုးမြင့်ဦးသည် ဖောင်ဒေးရှင်းပိုင်ငွေ သိန်း(၇၅ဝ/ကျပ်)ကို ယနေ့အထိ တစ်ပြားတစ်ချပ်မျှ ပြန်လည်ပေးသွင်းခြင်းမရှိဘဲ ရှောင်တိမ်းနေခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်အရ ဦးစိုးမြင့်ဦးသည် ကျိုက်ထီးရိုးတောင်ခြေတွင် ဟိုတယ်လုပ်ငန်းတိုးချဲ့ဆောင်ရွက်ထားခြင်း တစ်စုံတစ်ရာ မတွေ့ရှိရပါ။ ထို့ကြောင့် ဦးစိုးမြင့်ဦးသည် ဖောင်ဒေးရှင်းပိုင် ငွေကျပ်သိန်း (၇၅ဝ/ကျပ်)ကို မရိုးမဖြောင့်သော သဘောဖြင့် လိမ်လည်ထုတ်ယူသွားခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးစိုးမြင့်ဦးအနေနှင့် လိမ်လည်ရယူသွားခဲ့သော ဖောင်ဒေးရှင်းပိုင်ငွေ သိန်း(၇၅၀)ကျပ်ကို (၇–၈–၂၀၂၄) နေ့နောက်ဆုံးထားပြီး မပျက်မကွက်(မပျက်မကွက်) လာရောက်ပေးသွင်းရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ပျက်ကွက်လျှင်ဖြစ်စေ၊ ငြင်းဆိုလျှင်ဖြစ်စေ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်း အရလည်းကောင်း ဥပဒေနှင့် အညီတရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q).,C.T.Med.,H.G.P,R.L** | **LL.B;D.B.L.,D.M.L.,D.I.L.,** |
| **D.B.L..D.M.L.,D.A.Psy.,D.A.E** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၅၈)** | **(စဉ်–၁၅၄၉၀)** |

**ဖုန်း–၀၉–၄၃၁၁၉၀၁၃**
**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၄–ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်–၃၀၀ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၄၊ မြေကွက်အမှတ်–၃၀၀၊ ဧရိယာ(၀.၀၆၂)ဧက၊ မြေအမျိုးအစား – နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဦးတင်အေး [၁၂/ဗဟန(နိုင်)၀၅၂၁၂၇]က မိမိတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်–၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ Myat Mingalar The Residence @ 313 တိုက်အမှတ်–၃၁၃၊ ၁၄–လွှာ၊ Unit (C)၊ ဧရိယာ (၂၁၅၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား (၆–၂–၂၀၁၄)ရက်စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်စာချုပ်"အရ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နူးခေါ်နီ [၁/မကန(နိုင်)၀၀၈၀၈၅]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်–၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၆)လမ်း၊ အမှတ်(၂၀၅) နေ ဦးခင်မောင်လတ်[၁၂/မရက(နိုင်)၀၉၄၉၃၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇/၃)၊ ကံဘဲ့၊ မြေကွက်အမှတ်(4 E)၊ (4 B) ၃ တစ်စိတ်တစ်ဒေသ၊ ၈၇၊ ၃ ကံဘဲ့ရပ်ကွက်၊ ရန်ကင်းလမ်းတွင် တည်ရှိသော Golden City Condominium အိမ်ရာအတွင်းတွင် ဆောက်လုပ်ထားသည့် အခန်းအမှတ် 2006, 20th floor, Unit No. B5–20–06၊ ၉၈၆. ၃၈ စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် Furniture (မျက်မြင်အတိုင်း)ရေ၊ မီးအပါအဝင် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုအပိုင်ရောင်းချသူများဖြစ်သော Qin Yan (EA–6101019), Zhang Yuming (EB–0051990)မှဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အရောင်းအဝယ် ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးခင်မောင်လတ်[၁၂/မရက(နိုင်)၀၉၄၉၃၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL–101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း–09–260087755, 09–421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာလမ်း၊ အမှတ်(၃၃၁)နေ–ဒေါ်ခင်အေး[၁၂/ဥကတ(နိုင်)၀၃၃၀၈၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၂၈)၊ အောင်ရိပ်သာလမ်း၊ မြေကွက်အမှတ်(၄၂/ခ)၊ မြေအမည်ပေါက်–ဒေါ်လင်းလင်းမြင့်[၁၂/စခန(နိုင်)၀၂၇၃၈၃](AA–144076)၊ မြေအမျိုးအစား– နှစ်(၆၀) ဂရန်မြေဟုခေါ်တွင်သော အကျယ်အဝန်း–အလျား(၄၃)ပေx အနံ(၆၀)ပေအကျယ်အဝန်းရှိ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အလျား(၂၂)ပေx အနံ(၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝါဝါ[၁၂/ပဇတ(နိုင်)၀၁၁၃၃၅]မှ ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ် ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL–101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း–09–260087755, 09–421123477**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၈၈၁) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၇–လွှာ) (ဆဋ္ဌမထပ်) ခေါင်းရင်းဘက်အခန်း (A) ကိုယ်ပိုင် (ရေ + မီး)၊ ဓာတ်လှေကားအပါ၊ မီနီကွန်ဒိုနှင့်ဆက်စပ် ပေ (၁၇x၅၄) ပေတိုက်ခန်းတစ်ခန်းနှင့် MBR (1) + BR (1) + Air (2) + နံရံကပ်ဗီဒို အလှများအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သော ဒေါ်မိုးချယ်ရီအောင် [၁၀/ပမန(နိုင်)၁၅၆၀၁၉]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွှန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၆၁)** |
| **ဖုန်း–၀၉–၄၂၈၇၇၀၈၂၀** | **ဖုန်း–၀၉–၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၄၀၉၊ အကျယ်အဝန်း(၅၀x၆၀)ပေ အကျယ်ရှိ ဦးတင်မြင့်[၁၃/တကန(နိုင်)၀၂၀၇၂၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်အနက်မှ တရားဝင်ခွဲစိတ်ဆဲ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၄၀၉(ခ)၊ ဝရဇာ(၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်နော်ဇန်ဘိုဘို [၇/ရကန(နိုင်)၀၄၂၃၈၅] ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ် ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက်အထားပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၄၁၁၃၃၉၉၀၊ ၀၉-၅၁၈၁၁၈၅**

## ဒေါ်တင်ဇာမြင့် [၁၂/ဥကမ(နိုင်)၁၈၃၆၅၄]၊ ဒေါ်ဌေးဌေး [၁၂/ဥကမ(နိုင်)၀၄၉၉၃၃]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ F.M.I City အိမ်ရာဝင်း၊ ရွှေစံပယ် (၂)လမ်း၊ အမှတ် F-24 တွင် နေထိုင်သူ ဒေါ်ခင်မာကြူ [၁၂/ဗဟန(နိုင်)၀၁၄၂၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ဒေါ်တင်ဇာမြင့်နှင့်ဒေါ်ဌေးဌေးတို့နေထိုင်၊ ပိုင်ဆိုင်ပါသည်ဟုပြောသော အမှတ်-၆၅(က)၊ အာသာဝတီလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၃)ထပ်တိုက်နေအိမ်အား (၂၀၁၈)ခုနှစ်က ငွေကျပ်သိန်း(၂၃၀၀)ဖြင့် ရောင်းချရန် သဘောတူခဲ့ကြပြီး၊ စရန်ငွေကျပ်သိန်း(၉၀၀)တိတိကို ဒေါ်ခင်မာကြူထံမှ ရယူသွားပြီးနောက် စာရွက်စာတမ်းမူရင်း၊ ဂရန်မူရင်းများ နောက်ပိုင်းမပြသနိုင်ခဲ့ကြသဖြင့် ဒေါ်ခင်မာကြူမှ တရားလို ပြုလုပ်ပြီး ရာဇဝတ်ကြီးမှုအမှတ်(၁၃၆၀/၂၀၁၉)နှင့် တရားမကြီးမှုအမှတ်(၃၁၅/၂၀၁၉) မရမ်းကုန်းခရိုင် တရားရုံးတို့တွင် အမှုများစွဲဆိုထားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အမှတ်-၆၅(က)၊ အာသာဝတီလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ (၃)ထပ်တိုက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဒေါ်ခင်မာကြူမသိအောင် ဆောင်ရွက်ခြင်းတို့ လုံးဝ(လုံးဝ)မပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်ပါသည်။

ဤတားမြစ်ချက်ကို မလိုက်နာပါက တည်ဆဲဥပဒေများအရ ထပ်မံတရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်တင်ဇာမြင့်၊ ဒေါ်ဌေးဌေးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသောင်းဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၁၀၇၆)**
**အမှတ်(၄၈၇)၊ ဘုရင့်နောင်လမ်း၊ (၂၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၃၈၇၆၉၂၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

